ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန

အမှတ်( )သတ္တုတွင်းလုပ်ငန်း

နှင့်

---------------------------------------- ကုမ္ပဏီလီမိတက်

တို့၏

-----------တိုင်းဒေသကြီး/ပြည်နယ်၊ ---------မြို့နယ်၊
-----------------အလတ်စား ထုတ်လုပ်မှု လုပ်ငန်း သဘောတူစာချုပ်
စာချုပ်အမှတ် – ( )/သတလ.--------- /၂၀၁၉

နေပြည်တော် ၂၀၁၉ ခုနှစ်၊ လ( )ရက်

# မာတိကာ

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁။ | ရည်ရွယ်ချက် | |
| ၂။ | ကိုယ်စားပြုခြင်းနှင့် အာမခံခြင်း | |
| ၃။ | အဓိပ္ပာယ်ဖွင့်ဆိုချက် | |
| ၄။ | လုပ်ကိုင်ခွင့်ရှိသောလုပ်ကွက် | |
| ၅။ | လုပ်ငန်းအစီအစဉ် | |
| ၆။ | ရင်းနှီးမြှုပ်နှံမှုပမာဏ | |
| ၇။ | ထူထောင်မှုနှင့် တူးဖော်ထုတ်လုပ်ခြင်း | |
| ၈။ | စာချုပ်သက်တမ်းနှင့် စာချုပ်သက်တမ်းတိုးမြှင့်ခြင်း | |
| ၉။ | အထွေထွေတာဝန်များ | |
| ၁၀။ | သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးစီမံချက် | |
| ၁၁။ | လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးတာဝန်ယူမှု | |
| ၁၂။ | သတ္တုတွင်းလုပ်ကွက်ပိတ်သိမ်းခြင်း | |
| ၁၃။ | ခေတ်သတ္တုခွန်နှင့် ပုံသေမြေငှားရမ်းခ | |
| ၁၄။ | ထုတ်လုပ်မှုအပေါ်ခွဲဝေခံစားခြင်း | |
| ၁၅။ | ထုတ်ကုန်ပစ္စည်းတန်ဖိုးသတ်မှတ်ခြင်း | |
| ၁၆။ | သိုလှောင်ခြင်း၊လွှဲပြောင်းခြင်းနှင့် သယ်ယူရောင်းချခြင်း | |
| ၁၇။ | အခွန်အကောက်များ | |
| ၁၈။ | လုပ်ငန်းသုံးစက်ပစ္စည်းကိရိယာများ | |
| ၁၉။ | အာမခံထားရှိခြင်း | |
| ၂၀။ | လက်မှတ်ရေးထိုးဆုကြေးငွေ | |
| ၂၁။ | ငွေပေးချေခြင်း | |
| ၂၂။ | အငြင်းပွားမှုဖြေရှင်းခြင်း | |
| ၂၃။ | စီမံခန့်ခွဲခြင်း | |
| ၂၄။ | လုပ်ငန်းများ ကြီးကြပ်ဆောင်ရွက်ခြင်း | |
| ၂၅။ | အာမခံစပေါ်ငွေ | |
| ၂၆။ | စာချုပ်ရပ်စဲခြင်း | |

၂၇။ ထိန်းသိမ်းခြင်း

၂၈။ မှတ်တမ်းများ၊ ငွေစာရင်းများနှင့် စာရင်းစစ်ဆေးခြင်း

၂၉။ မလွန်ဆန်နိုင်သော ဖြစ်ရပ်များ

၃၀။ အခြားစာတ်သတ္တုပစ္စည်းများ တွေ့ရှိခြင်း

၃၁။ လွှဲပြောင်း၍မရနိုင်သောအခွင့်အရေး

၃၂။ အထွေထွေ

၃၃။ အကျိုးသက်ရောက်မှု

၃၄။ အစစ်အမှန်ဖြစ်ခြင်း

## နောက်ဆက်တွဲများ

| | | |
|---|---|---|
| ၁။ | ခွင့်ပြုလုပ်ကွက်၏ နယ်နိမိတ်ပြမြေပုံနှင့် ရှင်းလင်းဖော်ပြချက် | နောက်ဆက်တွဲ(က) |
| ၂။ | ခွင့်ပြုလုပ်ကွက်၏ တည်နေရာပြ မြေပုံ | နောက်ဆက်တွဲ(က-၁) |
| ၃။ | ခွင့်ပြုလုပ်ကွက်၏ဧရိယာအကျယ်အဝန်းနှင့်ပုံသဏ္ဍာန်ပြမြေပုံ | နောက်ဆက်တွဲ(က-၂) |
| ၄။ | မြေစာရင်းပုံစံ (၁၀၅) | နောက်ဆက်တွဲ(က-၃) |

**----------တိုင်းဒေသကြီး၊ -----------မြို့နယ်**

**------------------- ထုတ်လုပ်မှုအပေါ်ခွဲဝေခံစားသည့် . . . . . . . . . . .အလတ်စား ထုတ်လုပ်မှု**

**လုပ်ငန်း သဘောတူစာချုပ်**

ဤလုပ်ငန်းသဘောတူစာချုပ်ကို ၂၀ ခုနှစ်၊ လ( )ရက်နေ့တွင် ---------------၊ ဦးဆောင်ညွှန်ကြားရေးမှူး ကိုယ်စားပြုသော"အမှတ်( )သတ္တုတွင်းလုပ်ငန်း"၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ ရုံးအမှတ်(၁၉)၊ နေပြည်တော်၊ (နောင်တွင် "သတလ( )" ဟု ခေါ်ဆိုမည်ဖြစ်ပြီး၊ အဆိုပါ စကားရပ်၌ ယင်းအားဆက်ခံသူများ၊ ဥပဒေအရ လွှဲအပ်ခြင်းခံရသူများ ပါဝင်သည်) ကတစ်ဖက်နှင့် ဦး/ ဒေါ်-------------- (နိုင်ငံသားစိစစ်ရေး ကတ်ပြား အမှတ်၊------------------) မန်နေးဂျင်းဒါရိုက်တာ ကိုယ်စားပြုသော မြန်မာနိုင်ငံကုမ္ပဏီများ ဥပဒေ အရ တရားဝင်ဖွဲ့စည်းထားသောအမှတ်၊ --------------၊ -------------လမ်း၊ ---------------- ရပ်ကွက်၊ ------------ မြို့နယ်၊ ---------တိုင်းဒေသကြီး/ပြည်နယ်တွင် တည်ရှိသည့် "--------------------------ကုမ္ပဏီလီမိတက်" (နောင်တွင် "ကန်ထရိုက်တာ" ဟုခေါ်ဆိုမည်ဖြစ်ပြီး၊ အဆိုပါ စကားရပ်၌ ယင်းအားဆက်ခံသူများ၊ တရားဝင် ကိုယ်စားလှယ်များ၊ ဥပဒေအရ လွှဲအပ်ခြင်းခံရသူများ ပါဝင်သည်)က အခြားတစ်ဖက်တို့သည် အောက်ပါသဘောတူညီချက်များနှင့်အညီ နှစ်ဖက်သဘောတူ စာချုပ်ချုပ်ဆိုကြပါသည်-

**အပိုင်း(၁)**

**ရည်ရွယ်ချက်**

၁။ အောက်ပါအတိုင်း ရည်ရွယ်ချက်များ ထားရှိပါသည်-

(က) နှစ်ဦးနှစ်ဖက် ထုတ်လုပ်မှုအပေါ် ခွဲဝေခံစားသည့်စနစ်ကို အခြေခံ၍ ပြည်ထောင်စု သမ္မတမြန်မာနိုင်ငံတော်အစိုးရက လုပ်ကိုင်ခွင့်ချမှတ်ပေးသည့် -------------------------တိုင်းဒေသကြီး/ ပြည်နယ်၊ -----------မြို့နယ်၊ ------------ကျေးရွာအုပ်စု၊ ----------- လုပ်ကွက်တွင် -------အလတ်စား တူးဖော်ထုတ်လုပ်ခြင်း လုပ်ငန်းအား သတလ( ) နှင့် ကန်ထရိုက်တာတို့ ပူးပေါင်းဆောင်ရွက်ရန်။

(ခ) -----------------တူးဖော်ထုတ်လုပ်ခြင်းလုပ်ငန်းနှင့် သက်ဆိုင်သော စီမံခန့်ခွဲခြင်း၊ ကျွမ်းကျင်မှုဆိုင်ရာ ကိစ္စရပ်များ ဆောင်ရွက်ခြင်း တို့အတွက် ငွေကြေးကုန်ကျစရိတ်များကိုကန်ထရိုက်တာကတာဝန်ယူစေပြီး၊ အပိုင်း(၄)တွင်ဖော်ပြထားသည့် ဤလုပ်ငန်း သဘောတူစာချုပ်အရ လုပ်ကိုင်ခွင့်ရှိသော လုပ်ကွက်တွင် တည်ဆဲဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းနှင့်အညီ တူးဖော်ထုတ်လုပ်ခွင့်နှင့် ပြည်တွင်း/ ပြည်ပ

ရောင်းချခွင့် တို့ရရှိစေရန် သတလ(    )က တာဝန်ယူလျက် ထုတ်လုပ်မှုအပေါ် ခွဲဝေခံစားသည့် စနစ်ဖြင့် ဆောင်ရွက်ကြရန်။

(ဂ) ---------------တူးဖော် ထုတ်လုပ်ရေးလုပ်ငန်းများကို ကန်ထရိုက်တာနှင့်ပူးပေါင်းလုပ်ကိုင်ခြင်းဖြင့် နိုင်ငံတော်က ဓာတ်သတ္တုထုတ်ကုန် တိုးတက်ရရှိရေး၊ ပြည်တွင်းလိုအပ်ချက်များ ဖြည့်ဆည်းပေးနိုင်ရေး၊ ပြည်တွင်း၌ ဓာတ်သတ္တုကို အခြေခံသော စက်မှုလုပ်ငန်းများ ဖြစ်ထွန်းပေါ်ပေါက်လာရေး၊ ပြည်ပပို့ကုန် တိုးမြှင့်ရရှိနိုင်ရေး၊ နိုင်ငံခြားဝင်ငွေတိုးတက်ရရှိစေရေးနှင့် နိုင်ငံတော်၏ဓာတ်သတ္တုကဏ္ဍ ဖွံ့ဖြိုးတိုးတက်လာစေရန်၊

(ဃ) -------------တူးဖော်ထုတ်လုပ်ခြင်းဖြင့် ဒေသဖွံ့ဖြိုးတိုးတက်လာစေရန်နှင့် ဒေသခံလူ့အဖွဲ့အစည်း၏ လူမှုစီးပွား အကျိုးသက်ရောက်မှုရှိစေရန်နှင့် ဓာတ်သတ္တုတူးဖော်ထုတ်လုပ်ခြင်းလုပ်ငန်း၌ အသက်မွေးဝမ်းကျောင်း ပြုလုပ်သည့် လုပ်သားများနှင့် ဒေသခံပြည်သူတို့ အလုပ်အကိုင်အသစ်များရရှိပြီး၊ လူမှုရေး၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်လာစေရန်၊

(င) ------------ထုတ်လုပ်မှုကြောင့် ပတ်ဝန်းကျင် ထိခိုက်ယိုယွင်းပျက်စီးမှု အနည်းဆုံးဖြစ်စေရေးကို အလေးထားဆောင်ရွက်ရန် နှင့် တာဝန်ယူမှုရှိသော ဓာတ်သတ္တုလုပ်ငန်းများအဖြစ် အကောင်အထည်ဖော် ဆောင်ရွက်ရန်။

**အပိုင်း(၂)**

**ကိုယ်စားပြုခြင်းနှင့် အာမခံခြင်း**

၂.၁။ **ကန်ထရိုက်တာမှ ကိုယ်စားပြုခြင်းနှင့်အာမခံခြင်း**

ကန်ထရိုက်တာသည် ဤလုပ်ငန်းသဘောတူ စာချုပ်ချုပ်ဆိုရန်အတွက် တည်ဆဲဥပဒေများအရ လုပ်ပိုင်ခွင့်၊ အခွင့်အာဏာနှင့် စီးပွားရေးအရ ခိုင်မာ တောင့်တင်းပြီး နိုင်ငံတော်နှင့် ဝန်ကြီးဌာနက သတ်မှတ်ပြဋ္ဌာန်းထားသည့် ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများ၊ လုပ်ငန်း ခွင့်ပြုမိန့်ပါ စည်းကမ်းချက်များနှင့် စာချုပ်ပါ စည်းကမ်းချက်များအား လိုက်နာ ဆောင်ရွက်ပါမည်။

၂.၂။ သတလ(   )**မှ ကိုယ်စားပြုခြင်းနှင့်အာမခံခြင်း**

သတလ(  )သည် ဤလုပ်ငန်းသဘောတူစာချုပ်ပါ လုပ်ကွက်နှင့်ပတ်သက်၍ တည်ဆဲဥပဒေများအရ လုပ်ပိုင်ခွင့်ရှိပြီး အခြားမည်သည့်တတိယအဖွဲ့အစည်းကိုမျှ လုပ်ကိုင်ခွင့်ပေးထားခြင်း မရှိပါကြောင်းနှင့် ကန်ထရိုက်တာက ပေးသွင်းရမည့် ငွေများ၊ အခွန်အခများအား အပြည့်အဝပေးသွင်းစေရေး ကြပ်မတ် ဆောင်ရွက်ပါမည်။

# အပိုင်း(၃)

## အဓိပ္ပာယ်ဖွင့်ဆိုချက်

၃။ ဤလုပ်ငန်းသဘောတူစာချုပ်တွင် အသုံးပြုမည့်စကားရပ်များကို အောက်ပါအတိုင်း အဓိပ္ပာယ် ကောက်ယူရမည်-

(က) "----------" ဆိုသည်မှာ ဤလုပ်ငန်းသဘောတူစာချုပ်အရ လုပ်ကိုင်ခွင့် ရှိသော လုပ်ကွက်အတွင်းမှ တွင်းထွက်အတိုင်း ထုတ်ယူရရှိသော "-----------"ကို ဆိုလိုသည်။

(ခ) **သတ္တုဖြစ်လျှင်**

"----------"သတ္တုဆိုသည်မှာ တွင်းထွက်အတိုင်းဖြစ်စေ၊ တွင်းထွက်အား ဆင့်တက် ပြုပြင်၍ဖြစ်စေ ရောင်းတန်းဝင်သောသတ္တုကိုဆိုသည်။ ဝန်ကြီးဌာနက သတ်မှတ် ထားသောသတ္တုပါဝင်မှု(           ) ရာခိုင်နှုန်း ရှိရမည်။ (သို့မဟုတ်) "---------- "သတ္တုသန့်စင် ဆိုသည်မှာ"----------" (          ) ရာခိုင်နှုန်း ထက်မနည်းပါဝင်သည့် သတ္တုသန့်စင်ကိုဆိုသည်။

**ရွှေသတ္တုဖြစ်လျှင်**

ရွှေသတ္တုဆိုသည်မှာ သန့်စင်ထုတ်လုပ်ရာ၌ ရွှေရည်(၁၆)ပဲရည် (သို့မဟုတ်) ၉၉.၉၉ ရာနှုန်းအဆင့်ရှိ ရွှေသတ္တုကို ဆိုလိုသည်။

(ဂ) ဆက်စပ်သတ္တု (**Associated Minerals**)ဆိုသည်မှာ လုပ်ငန်းသဘောတူစာချုပ်အရ လုပ်ကိုင်ခွင့်ရှိသောလုပ်ကွက်အတွင်းရှိ "----------"သတ္တုရိုင်းများနှင့်အတူ ဘူမိဗေဒ ဖြစ်စဉ်အရ တွဲစပ်ပါဝင်လျက်ရှိသောတွင်းထွက်သတ္တုရိုင်းများကိုဆိုလိုသည်။

(ဃ) "**ထုတ်လုပ်မှုလုပ်ငန်း**"ဆိုသည်မှာ သတ္တုသိုက်မှ "----------" ကို စီးပွားဖြစ် ထုတ်လုပ် နိုင်ရေးအတွက် ကြိုတင်ပြင်ဆင် ဆောင်ရွက်ရမည့် လုပ်ငန်း အားလုံးကို ဆိုလိုသည်။

(င) "**ဘဏ္ဍာရေးနှစ်**" ဆိုသည်မှာ နှစ်စဉ်ပြက္ခဒိန်နှစ်တစ်နှစ်၏ အောက်တိုဘာလ (၁)ရက် နေ့မှ အစပြု၍ နောင်လာမည့်နှစ်၏ စက်တင်ဘာလ(၃၀)ရက်နေ့အထိ (၁၂) လ ကာလကို ဆိုလိုသည်။

(စ) "**ဝန်ကြီးဌာန**"ဆိုသည်မှာ **သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီး ဌာန** ကိုဆိုလိုသည်။

(ဆ) "**ဦးစီးဌာန**"ဆိုသည်မှာ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ **သတ္တုတွင်းဦးစီးဌာန**ကို ဆိုလိုသည်။

(ဇ) **သတ္တု/စက်မှု/ကျောက်ဖြစ်လျှင်**

**"တန်ချိန်"**ဆိုသည်မှာ ကီလိုဂရမ် (၁၀၀၀) ရှိသော တစ်မက်ထရစ်တန်ကို ဆိုလိုသည်။

**ရွှေသတ္တုဖြစ်လျှင်**

**"ထရိုင်အောင်စ"**ဆိုသည်မှာ ၁.၉၀၄၇ ကျပ်သား (သို့မဟုတ်) ၃၁.၁၀၃ ဂရမ် (သို့မဟုတ်) ၀.၀၃၁၁ ကီလိုဂရမ် (သို့မဟုတ်) ၀.၀၀၀၀၃၁ မက်ထရစ်တန် (သို့မဟုတ်) ၀.၀၆၈ ပေါင်ရှိသော တစ်ထရိုင်အောင်စကို ဆိုလိုသည်။

## အပိုင်း(၄)

## လုပ်ကိုင်ခွင့်ရှိသော လုပ်ကွက်

၄-၁။ ဤလုပ်ငန်းသဘောတူစာချုပ်အရ လုပ်ကိုင်ခွင့်ရှိသော လုပ်ကွက်သည်----------------- တိုင်းဒေသကြီး/ ပြည်နယ်၊-------------မြို့နယ်၊ ---------ကျေးရွာအုပ်စု၌တည်ရှိပြီး ဤလုပ်ငန်းသဘောတူစာချုပ်နှင့် ပူးတွဲပါရှိသည့် နောက်ဆက်တွဲများတွင် မြေပုံညွှန်းနှင့် တကွဖော်ပြထားသည့် မြေဧရိယာ( )ဧက (---------စတုရန်းကီလိုမီတာ) နယ်နိမိတ် အတိုင်းဖြစ်ပြီး သက်ဆိုင်ရာ လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနက တရားဝင် ရေးဆွဲထားသော မြေပုံ ပူးတွဲတင်ပြရမည်။

၄-၂။ အကယ်၍ အထက်အပိုဒ် ၄-၁ တွင် ဖော်ပြထားသော လုပ်ကိုင်ခွင့်ရှိသည့် လုပ်ကွက်ဧရိယာကို နိုင်ငံတော်နှင့် အများပြည်သူအကျိုးငှာ နိုင်ငံတော်အစိုးရက စီမံကိန်းတစ်ခုခု ဆောင်ရွက်ရန် လိုအပ်ခဲ့လျှင် မြန်မာ့သတ္တုတွင်းနည်းဥပဒေများ၊ နည်းဥပဒေ ၂၂၄၊ နည်းဥပဒေခွဲ(က)နှင့်အညီ ထုတ်ပေးထားသည့် ခွင့်ပြုမိန့်သက်တမ်းသည် ရပ်စဲမည်ဖြစ်သည့်အပြင် ကန်ထရိုက်တာ ဖြစ်သူက မိမိလက်ဝယ်ရယူထားသော လုပ်ကွက်ကိုအစိုးရသို့ ပြန်လည်အပ်နှံရမည်ဖြစ်ပြီး သင့်လျော်သော ဓာတ်သတ္တု လုပ်ကွက်ကို ကန်ထရိုက်တာနစ်နာမှုမရှိစေရန် မြန်မာ့သတ္တုတွင်း နည်းဥပဒေများ၊ နည်းဥပဒေ ၂၂၄ နည်းဥပဒေခွဲ(ခ)နှင့်အညီ နှစ်ဦးနှစ်ဖက်ညှိနှိုင်း ဆောင်ရွက် ပေးရမည်။

## အပိုင်း(၅)

## လုပ်ငန်းအစီအစဉ်

၅-၁။ ကန်ထရိုက်တာသည် "---------------"တူးဖော်ထုတ်လုပ်ခြင်းလုပ်ငန်းအတွက် သတ္တုတွင်း ထူထောင်မှုနှင့် တူးဖော်ထုတ်လုပ်မှု လုပ်ငန်းအစီအစဉ်များရေးဆွဲ၍ ဤလုပ်ငန်းသဘောတူ စာချုပ် လက်မှတ်ရေးထိုးပြီး (၁) လအတွင်း သတလ( )နှင့် ဦးစီးဌာနသို့ တင်ပြရမည်။

၅-၂။ ကန်ထရိုက်တာက တင်ပြသော လုပ်ငန်းအစီအစဉ်များကို နှစ်ဦးနှစ်ဖက်ညှိနှိုင်းသဘောတူ အတည်ပြုသတ်မှတ်ရမည်။ ထိုသို့အတည်ပြုထားသည့် လုပ်ငန်းအစီအစဉ်အတိုင်း စတင်အကောင်အထည်ဖော်ရမည်။

၅-၃။ အတည်ပြုပြီးသောလုပ်ငန်းအစီအစဉ်အား ပြင်ဆင်ဖြည့်စွက်လိုပါက ဝန်ကြီးဌာန၏ ခွင့်ပြုချက်ဖြင့် ဆောင်ရွက်နိုင်သည်။

## အပိုင်း(၆)

## ရင်းနှီးမြှုပ်နှံမှုပမာဏ

၆။ ကန်ထရိုက်တာသည်လုပ်ငန်းအစီအစဉ်များအတွက်ရင်းနှီးမြှုပ်နှံမှုငွေပမာဏအဖြစ် လုပ်ကွက် (၁)ကွက်လျှင်မြန်မာကျပ် (ကျပ်---------------တိတိ)နှုန်းဖြင့် လုပ်ကွက်အတွက် မြန်မာကျပ် (ကျပ်---------------------တိတိ)ကို ရင်းနှီးမြှုပ်နှံရမည်။ ရင်းနှီးမြှုပ်နှံမှုငွေတစ်ရပ်လုံးကို ကန်ထရိုက်တာက ကျခံရမည်။

## အပိုင်း(၇)

## ထူထောင်မှုနှင့် တူးဖော်ထုတ်လုပ်ခြင်း

၇-၁။ သတ္တုတွင်းထူထောင်မှုလုပ်ငန်းကို ဤလုပ်ငန်းသဘောတူ စာချုပ်လက်မှတ်ရေးထိုးပြီးသည့်နေ့မှစ၍ (......)လ အတွင်း အပြီးဆောင်ရွက်ရမည်။ အပိုဒ် ၅-၂ ပါ အတည်ပြုသတ်မှတ်ထားသည့် သတ္တုတွင်းထူထောင်ရေး နှင့် ဓာတ်သတ္တုထုတ်လုပ်ရေး လုပ်ငန်းအစီအစဉ်တွင်ပါရှိသော ထုတ်လုပ်မှုစတင်ရန် သတ်မှတ်ထားသောနေ့တွင် ထုတ်လုပ်မှုကိုစတင်ရမည်။

၇-၂။ ----------------- တူးဖော်ထုတ်လုပ်ခြင်းကို ဓာတ်သတ္တုတူးဖော်ထုတ်လုပ်မှု လုပ်ငန်းကြီးများ ဆောင်ရွက်နေသည့် ကုမ္ပဏီများ၏ ခေတ်မီတူးဖော်ထုတ်လုပ်မှုနည်းစနစ်နှင့် အင်ဂျင်နီယာ နည်းပညာများနှင့်အညီ ခွင့်ပြုမိန့်ပါ တူးဖော်နည်းစနစ်များဖြင့် တူးဖော်ထုတ်လုပ်ရမည်။ တစ်နှစ်လျှင် (သတ္တုရိုင်း/သတ္တုသန့်စင်/ စက်မှုတွင်းထွက်ကုန်ကြမ်း/ကျောက်) တန်ချိန် (---------)တန်လျာထားတူးဖော်ထုတ်လုပ်ရမည်။ “------------------”သတ္တုသိုက်ပမာဏ/ ပြည်တွင်းသုံးစွဲမှု “------------------” ဝယ်လိုအားနှင့် ဈေးကွက် လိုအပ်ချက် တို့အပေါ် မူတည်၍ သတလ(    )၏ ညှိနှိုင်းသဘောတူညီချက်ရယူ၍ တိုးမြှင့်ထုတ်လုပ်နိုင်သည်။ ဓာတ်သတ္တုလေလွင့်ဆုံးရှုံးမှု မဖြစ်ပေါ်စေရေး ထိန်းသိမ်းထုတ်လုပ်ရန်ဖြစ်သည်။

## အပိုင်း(၈)

## စာချုပ်သက်တမ်းနှင့်စာချုပ်သက်တမ်းတိုးမြှင့်ခြင်း

၈။ ဤလုပ်ငန်းသဘောတူစာချုပ်၏စာချုပ် သက်တမ်းမှာ လုပ်ငန်းသဘောတူစာချုပ် အပိုင်း(၃၃) ပါ သက်ဝင်အကျိုးသက်ရောက်သည့် နေ့ဖြစ်သော ဓာတ်သတ္တု အလတ်စား ထုတ်လုပ်ရန် ခွင့်ပြုမိန့်ပါ စတင်လုပ်ကိုင်ခွင့်ပြုသည့်နေ့မှစ၍( )နှစ်ဖြစ်သည်။ **စာချုပ်သက်တမ်းတိုးလိုပါက ဤစာချုပ်ပါ သတ်မှတ် သက်တမ်း မကုန်ဆုံးမီ အနည်းဆုံး(၆)လ ကြိုတင်၍ ကန်ထရိုက်တာသည် မြန်မာ့သတ္တုတွင်းနည်းဥပဒေများနှင့်အညီ စာချုပ်သက်တမ်းတိုး ကာလကို တစ်ကြိမ်လျှင် (၂)နှစ်ထက်မပိုစေဘဲ စာချုပ်ပါ မူလခွင့်ပြုကာလအပါအဝင် (၁၅)နှစ် အထိသာ ခွင့်ပြုပေးရန် အတွက် သတလ( )မှတစ်ဆင့် ဝန်ကြီးဌာနသို့ လျှောက်ထားနိုင်သည်။ စာချုပ်သက်တမ်းတိုးမြှင့်သည့်ကာလသည်ခွင့်ပြုမိန့်ပါ သက်တမ်းတိုးမြှင့်သည့်ကာလအတိုင်း ဖြစ်သည်။**ယင်းသို့သက်တမ်းတိုးမြှင့်ခြင်းသည်ဝန်ကြီးဌာနစီမံခန့်ခွဲရေးကော်မတီ၏ သဘောတူညီချက် ရမှသာလျှင် အတည်ဖြစ်သည်။

## အပိုင်း(၉)

## အထွေထွေတာဝန်များ

ကန်ထရိုက်တာ၏ တာဝန်များ

၉-၁။ ကန်ထရိုက်တာသည် အောက်ပါတို့ကို တာဝန်ယူရမည်-

(က) -------------------တူးဖော်ရန်အတွက် ဝန်ကြီးဌာန၏ ခွင့်ပြုသည့်ဧရိယာအား လုပ်ကွက် နယ်နိမိတ် တိုင်းတာသတ်မှတ် စိုက်ထူခြင်းလုပ်ငန်းအတွက် ကုန်ကျစရိတ်များကို ကျခံရမည်။

( ခ) နှစ်ဖက်အတည်ပြုသတ်မှတ်ထားသည့် လုပ်ငန်းအစီအစဉ်များအရ----------------- တူးဖော် ထုတ်လုပ်ရာတွင် ကုန်ကျစရိတ်၊ ဆင့်တက်ပြုပြင်စရိတ်၊ သယ်ယူပို့ဆောင်မှု ကုန်ကျစရိတ်နှင့် အခြားအထွေထွေကုန်ကျစရိတ်များ အားလုံးကို ကျခံရမည်။

(ဂ) ပုံသေမြေငှားရမ်းခ၊ ဓာတ်သတ္တုခွန်နှင့် သတလ( )ဝေစု အချိုးများကို အပြည့်အဝ ပေးသွင်းရမည်။

( ဃ) ဤလုပ်ငန်းသဘောတူစာချုပ်အရ လုပ်ကိုင်ခွင့်ရှိသော နောက်ဆက်တွဲ ( )ပါ လုပ်ကွက်ဧရိယာအတွင်း၌ အထက်အပိုင်း(၅)၊ အပိုဒ် ၅-၂ ပါ အတည်ပြုပြီးသော လုပ်ငန်းအစီအစဉ်များအတိုင်းသာ တူးဖော်ထုတ်လုပ်ခြင်းလုပ်ငန်းကို ပြုလုပ်ရမည်။

(င) တူးဖော်ထုတ်လုပ်ခြင်းလုပ်ငန်းများကို ကောင်းမွန်မှန်ကန်သော ဓာတ်သတ္တုတူးဖော်မှု အတွေ့အကြုံများကိုအခြေခံ၍ သတ္တုတွင်းဒီဇိုင်းနှင့်အညီ သတ္တုသိုက်လေလွင့်ဆုံးရှုံးမှု မရှိစေသော အကောင်းဆုံး နည်းစနစ်များကို လိုက်နာဆောင်ရွက်ရန်နှင့် နောင်

ဆက်လက် လုပ်ကိုင်ရမည့် ထုတ်လုပ်မှုလုပ်ငန်းများကို မထိခိုက်အောင် ဆောင်ရွက်ရမည်။

(စ) တူးဖော်ထုတ်လုပ်မှု ဆောင်ရွက်ရာတွင် လုပ်ငန်းခွင်ဘေးအန္တရာယ် ကင်းရှင်းပြီး ကုန်ထုတ်လုပ်မှု စွမ်းအားအပြည့်အဝ ရရှိနိုင်ရေးအတွက် လုပ်ငန်းကျွမ်းကျင်သူ အင်ဂျင်နီယာ၊ ဘူမိဗေဒပညာရှင်၊ ကျွမ်းကျင်လုပ်သားများကို လုံလောက်စွာ ခန့်ထားရမည်။

(ဆ) လုပ်ငန်းအစီအစဉ်များကို ဆောင်ရွက်ရာတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အစိုးရက ပြဋ္ဌာန်းထုတ်ပြန်ထားသော မြန်မာ့သတ္တုတွင်းဥပဒေ၊ နည်းဥပဒေများ၊ အခြားတည်ဆဲဥပဒေများ၊ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများ၊ အမိန့်ကြော်ငြာစာများ၊ ညွှန်ကြားချက်များနှင့်အညီ ဆောင်ရွက်ရမည်။

(ဇ) အပိုင်း(၇)၊ အပိုဒ် ၇-၂ ပါ ထုတ်လုပ်မှု လျာထားချက်အား ပြည့်မီကျော်လွန်အောင် ထုတ်လုပ်သွားရန်နှင့် လျာထားချက်မပြည့်မီပါက မပြည့်မီရသည့်အကြောင်းကို ခိုင်လုံသောအကြောင်းပြချက်၊ အထောက်အထားနှင့်တကွ သတလ( ) သို့ ထုတ်လုပ်ဆောင်ရွက်သည့်လ၏ နောက်လအတွင်း တင်ပြဆောင်ရွက်ရမည်။

(ဈ) ဤလုပ်ငန်းသဘောတူစာချုပ်အရ လုပ်ကိုင်ခွင့်ပြုသည့် လုပ်ကွက်တွင်လုပ်ငန်း အစီအစဉ်အတိုင်း အကောင်အထည်ဖော် ဆောင်ရွက်ရန် ကန်ထရိုက်တာအား ယုံကြည်စွာဖြင့် အပ်နှံလုပ်ကိုင်ခွင့်ပြုပြီး လုပ်ကွက်မှ ထွက်ရှိသည့်---------------မှ သတ်မှတ်အချိုးအား သတလ( )သို့ မအပ်နှံမီ ကိုယ်စားပြု ယာယီထိန်းသိမ်း စီမံခန့်ခွဲခွင့်ကို တာဝန်ယူ ဆောင်ရွက်ရမည်။

(ည) တူးဖော်ထုတ်လုပ်ခြင်း၊ သိုလှောင်ခြင်း၊ အသုံးပြုခြင်း သယ်ယူရောင်းချခြင်းတို့နှင့် ပတ်သက်သည့် လစဉ်အစီရင်ခံစာကို သတ်မှတ်ထားသော ပုံစံများဖြင့် ဖြည့်သွင်း၍ သတလ( )နှင့် ဦးစီးဌာနတို့သို့ လကုန်ပြီး(၁၀)ရက်အတွင်း အချိန်မှန်ပေးပို့ရန်နှင့် မိတ္တူကို တိုင်းဒေသကြီး/ပြည်နယ် စီမံကိန်းရေးဆွဲရေးဦးစီးဌာနသို့ ပေးပို့ရမည်။

(ဋ) လုပ်ကိုင်ခွင့်ရှိသော လုပ်ကွက်ဧရိယာ နယ်နိမိတ်အတွင်းရှိ သစ်ပင်များကို သစ်တောဦးစီးဌာန၏ ခွင့်ပြုချက်မရရှိဘဲ ခုတ်လှဲခြင်း၊ သစ်ပင်ခုတ်ခြင်း မပြုလုပ်ရ။ လုပ်ကွက် ရှိ မလွတ်ကင်းသော သစ်ပင်များကို ခုတ်လှဲရန်လိုအပ်ပါက သစ်တောဦးစီးဌာန၏ ကြိုတင်ခွင့်ပြုချက်ရယူရန်နှင့် ခုတ်လှဲသော သစ်ပင်များကို အသုံးပြုလိုလျှင် သစ်တောဦးစီးဌာနမှ သတ်မှတ်ထားသော လုပ်ထုံးလုပ်နည်းများ နှင့်အညီ ဆောင်ရွက်ရမည်။

(ဌ) တူးဖော်ရန် ခွင့်ပြုမိန့်ပေးထားသည့် ဧရိယာအတွင်း၌ သော့်လည်းကောင်း၊ အပြင်၌ သော်လည်းကောင်း၊ ခွင့်ပြုချက် မရှိဘဲ သစ်ပင်ခုတ်လှဲျင် တည်ဆဲသစ်တော ဥပဒေ အရ အရေးယူခြင်း နှင့် တူးဖော်ခွင့် ဖျက်သိမ်းသည်အထိ ပြင်းထန်စွာ အရေး ယူခြင်းခံရမည် ကို **သိရှိနားလည်သဘောတူလက်ခံပါသည်။**

(ဍ) စတင်တူးဖော်မှုလုပ်ငန်းမှ ထွက်ရှိသည့် အပေါ်ယံ မြေဆီလွှာများ (Top Soil) ကို စနစ်တကျ စုပုံ ထိန်းသိမ်းထားရှိ၍ ထိုမြေဆီလွှာများကို သတ္တုတွင်း ပိတ်သိမ်းချိန်တွင် တူးဖော်ထားသည့် ကျင်း၊ ချိုင့်၊ ကလိုင်များ မြေဖို့ရာတွင် ပြန်လည်အသုံးပြုပြီး မိုင်းပိတ်သိမ်းမှု လုပ်ငန်းစဉ်ပါ စီမံချက်များအတိုင်း သစ်တော၊ သစ်ပင်များကို ရှင်သန် သည်အထိ ပြန်လည် စိုက်ပျိုးပေးရန် တာဝန်ယူရမည်။

(ဎ) တူးဖော်ပြီးမြေဧရိယာတွင် သစ်ပင်စိုက်ပျိုးနိုင်သည့်အထိ မြေပြန်လည်ဖို့ ပေးရန်နှင့် သစ်တောစိုက်ခင်းများ ပြန်လည်တည်ထောင်ပေးခြင်း (သို့မဟုတ်) သစ်ပင် ပြန်လည် စိုက်ပျိုးမည့် ကုန်ကျစရိတ်ကို ကျခံပေးရမည်။

( ဏ) တူးဖော်ခြင်းမှထွက်ရှိလာသော စွန့်ပစ်ပစ္စည်းများသည် မြစ်ချောင်း၊ အင်းအိုင်များ ကိုသော်လည်းကောင်း၊ အများပြည်သူတို့နှင့် သက်ဆိုင်သောလမ်းများ၊ အဆောက်အအုံ များကိုသော်လည်းကောင်း၊ ညစ်ညမ်းမှု၊ ပိတ်ဆို့မှုနှင့် အခြားပတ်ဝန်းကျင်ညစ်ညမ်း ထိခိုက်မှုများ မရှိစေရန် ဆောင်ရွက်ရမည်။

(တ) တူးဖော်ထုတ်လုပ်ရာမှ ထွက်ရှိလာသော စွန့်ပစ်မြေစာများသည် ပတ်ဝန်းကျင် လယ်ယာမြေများ၏ မြေဆီလွှာ ထိခိုက်ပျက်စီးမှုနှင့် မြစ်ချောင်းများ ညစ်ညမ်းမှု တို့ကြောင့် ဒေသခံပြည်သူများ၏ လူမှုစီးပွား ထိခိုက်ပျက်စီးမှု မဖြစ်ပေါ်စေရန်အတွက် စာချုပ်ဝင်နှစ်ဦးတို့ကရွေးချယ်အတည်ပြုထားသောမြေနေရာ (Destination) တွင်သာ စွန့်ပစ်ရမည်။ သတ္တုဆင့်တက်ပြုပြင်မှုလုပ်ငန်း အဆင့်ဆင့်နှင့် သတ္တုသန့်စင် နည်းစဉ် ဖြင့် ထုတ်လုပ်ဆောင်ရွက်ရာတွင် စက်ရုံ၏ စွန့်ပစ်ပစ္စည်း (Tailing)များအား စွန့်ပစ်ကန် (Tailing Pond)အတွင်းသာ စနစ်တကျ စွန့်ပစ်ရမည်။

(ထ) လုပ်ငန်းဆောင်ရွက်ခွင့်ပြုသည့် ခွင့်ပြုမိန့်ပါ လုပ်ကွက်မြေနေရာနှင့် စပ်လျဉ်း၍ အငြင်းပွားမှု၊ စောဒကတက်မှုများ၊ သဘာဝပတ်ဝန်းကျင်ထိခိုက်ပျက်စီးစေမှုနှင့်သက်ဆိုင် သောတိုင်ကြားချက်များဖြစ်ပွားပါက ကန်ထရိုက်တာက တာဝန်ယူဖြေရှင်းရန်နှင့် မဖြေရှင်းနိုင်ပါက ခွင့်ပြုမိန့်ရုပ်သိမ်းခြင်း၊ ပေးသွင်းထားသည့် အခွန်အခနှင့် အခြား

ပေးသွင်းမှုများသိမ်းယူခြင်း၊ လုပ်ကွက်ပိတ်သိမ်းခြင်းခံရမည်ကို သဘောတူလက်ခံရမည်။

(ဒ) တူးဖော်ထုတ်လုပ်သည့်လုပ်ငန်းကြောင့် ဒေသတွင်းတည်ရှိနေသော လယ်ယာမြေ၊ အိမ်၊ ခြံ တို့နှင့် ပတ်သက်၍ ထိခိုက်မှုရှိလျှင် သက်ဆိုင်ရာ တိုင်းဒေသကြီး/ ပြည်နယ် အစိုးရအဖွဲ့၏ အဆုံးအဖြတ်ကို လိုက်နာရမည်။

(ဓ) ကန်ထရိုက်တာသည် သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၏ ပတ်ဝန်းကျင်ထိခိုက်မှု ဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းနှင့်အညီ ကနဦး ပတ်ဝန်းကျင်ဆန်းစစ်ခြင်း(IEE) သို့မဟုတ် ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်း (EIA) ကို စာချုပ်မချုပ်ဆိုမီ ပြုစုတင်ပြရမည်၊ ၎င်းဆန်းစစ်ချက်ပါအချက်များကို အခြေခံ၍ ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ် (Environmental Management Plan – EMP)ကို ထုတ်လုပ်မှုမစတင်မီ သတလ( ) မှတစ်ဆင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနသို့ တင်ပြပြီး ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနကအတည်ပြုသည့် ပတ်ဝန်းကျင်စီမံခန့်ခွဲမှု အစီအစဉ် (Environmental Management Plan – EMP)အတိုင်း အပြည့်အဝလိုက်နာဆောင်ရွက်ရမည်။

(န) ဤသဘောတူစာချုပ် သက်တမ်းကုန်ဆုံးလျှင်သော်လည်းကောင်း၊ အကြောင်းတစ်ရပ်ရပ်ကြောင့် လုပ်ငန်းရပ်စဲ၍ စာချုပ်အားရပ်စဲလျှင်သော်လည်းကောင်း၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနက စိစစ်လက်ခံ အတည်ပြုထားသော သတ္တုတွင်းလုပ်ကွက်ပိတ်သိမ်းမှုအစီအစဉ်(Mine Closure Plan) အတိုင်း စနစ်တကျ အကောင်အထည်ဖော်ဆောင်ရွက်ရမည်။

(ပ) နိုင်ငံတော်က ပြဋ္ဌာန်းထားသည့် တည်ဆဲအခွန်ဆိုင်ရာ ဥပဒေများ၊ နည်းဥပဒေများ၊ စည်းမျဉ်းများ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ပေးဆောင်ရမည့် အခွန်နှင့် ကျသင့်သည့် အခများကို ပေးဆောင်ရမည်။

(ဖ) လုပ်ငန်းသဘောတူစာချုပ်၌ မြန်မာနိုင်ငံတံဆိပ်ခေါင်းအက်ဥပဒေအရ သတ်မှတ်ချက်နှင့်အညီ တံဆိပ်ခေါင်းခွန်ပေးဆောင်၍ တံဆိပ်ခေါင်းကပ်ရန် တာဝန်ယူရမည်။

(ဗ) သတ္တုတူးဖော်ထုတ်လုပ်ရေးအတွက်ခန့်ထားသော အလုပ်သမားများအား အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာနက သတ်မှတ်ပြဋ္ဌာန်းချက်များ၊ အလုပ်သမားဥပဒေများပါ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ရမည်။

(ဘ) ဝန်ထမ်းနှင့်အလုပ်သမားများလုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးလုပ်ငန်းများကို တည်ဆဲဥပဒေများနှင့်အညီ ဆောင်ရွက်ပေးရမည်။

(မ) သတ်မှတ်ခွင့်ပြုထားသော လုပ်ကွက်ဧရိယာအတွင်း အခိုင်အမာ အဆောက်အအုံများတည်ဆောက်ခြင်း၊ ဘာသာရေးဆိုင်ရာ အဆောက်အအုံများ ဆောက်လုပ်ခြင်းနှင့် လူနေကျေးရွာတည်ဆောက်ခြင်းမပြုရ။

(ယ) မိမိအား တရားဝင် လုပ်ကိုင်ခွင့်ပြုထားသော လုပ်ကွက်ကို အခြားမည်သူသို့မဆို ကိုယ်စားလှယ်အဖြစ် လုပ်ကိုင်စေခြင်းမှအပ ဝန်ကြီးဌာန၏ ခွင့်ပြုချက်မရရှိဘဲ တစ်ဆင့်ကန်ထရိုက်တာ ပေးလုပ်ကိုင်စေခြင်း၊ လွှဲပြောင်းပေးခြင်း၊ ပြန်လည် ရောင်းချခြင်း မပြုလုပ်ရ၊

(ရ) ခွင့်ပြုမိန့်ပျောက်ဆုံးပါက သတလ( )နှင့် သတ္တုတွင်းဦးစီးဌာနသို့ (၁)လအတွင်း ခွင့်ပြုမိန့်အသစ်ထုတ်ပေးရန် အမြန်ပြန်လည်လျှောက်ထားရမည်။ ထိုသို့လျှောက်ထားရာတွင် သက်ဆိုင်ရာမြို့နယ်အဆင့် ဒေသအာဏာပိုင်နှင့် မြို့နယ်အဆင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ထောက်ခံချက်များဖြင့် ပြည့်စုံစွာတင်ပြရမည်။

(လ) ခွင့်ပြုမိန့်ပျောက်ဆုံးကြောင်း ခိုင်လုံသည့် အထောက်အထားပြနိုင်ပါက ခွင့်ပြုမိန့်အသစ်အား ဝန်ကြီးဌာနသို့ သတလ( ) ကတင်ပြပြီး ဝန်ကြီးဌာနဆုံးဖြတ်ချက်အတိုင်း ကုမ္ပဏီက သတ်မှတ်ဒဏ်ကြေးငွေ ပေးဆောင်စေပြီး ခွင့်ပြုမိန့်အသစ်ထပ်မံထုတ်ယူရမည်။

(ဝ) လုပ်ငန်းခွင် မတော်တဆထိခိုက်မှု သို့မဟုတ် အန္တရာယ်ဖြစ်ပွားပါက ယင်းဖြစ်ရပ်ကို စုံစမ်း စစ်ဆေးမှုများပြုလုပ်နိုင်ရန်အတွက် လုပ်ကွက်ရှိ ဌာနကိုယ်စားလှယ် သို့မဟုတ် ရုံးခွဲတာဝန်ခံမှတစ်ဆင့် ၂၄ နာရီအတွင်း သက်ဆိုင်ရာဌာနများသို့ အစီရင်ခံတင်ပြရမည်။

သတလ( )၏တာဝန်များ

၉-၂။ သတလ ( ) သည် အောက်ပါတို့ကို တာဝန်ယူရမည်-

(က) တူးဖော်ထုတ်လုပ်ရေးအတွက် လိုအပ်သည့် ယမ်းဘီလူးနှင့် ဆက်စပ်သုံးပစ္စည်းများ ဝယ်ယူရရှိရေး၊ သုံးစွဲနိုင်ရေးအတွက် ကူညီပေးရမည်။

(ခ) တူးဖော်မှုလုပ်ငန်းတွင် ကန်ထရိုက်တာက ဌာနဆိုင်ရာခွင့်ပြုချက်များ ရရှိစေရန် လိုအပ်သလို ညှိနှိုင်းပံ့ပိုး ကူညီဆောင်ရွက်ပေးရမည်။

(ဂ) ကန်ထရိုက်တာသည် နည်းပညာနှင့်ကျွမ်းကျင်မှု အကူအညီများတောင်းခံလာပါက ပံ့ပိုးကူညီ ဆောင်ရွက်ပေးရမည်။

(ဃ) လုပ်ငန်းစီမံချက်အရ ထုတ်လုပ်မှု လျာထားချက်အား ပြည့်မီကျော်လွန်အောင် ထုတ်လုပ်နိုင်ရေး ကြိုးကြပ်သွားရန်နှင့် ထုတ်လုပ်မှုလျာထားချက်မပြည့်မီပါက စိစစ်သုံးသပ်ချက်နှင့်တကွ ဝန်ကြီးဌာနသို့ ဆက်လက်တင်ပြရမည်။

( င) မြန်မာ့သတ္တုတွင်းဥပဒေ၊ နည်းဥပဒေနှင့်အညီ အခါအားလျော်စွာ သတ်မှတ်သည့် အခွန်အခများ၊ ပုံသေမြေငှားရမ်းခ၊ ဓာတ်သတ္တုခွန်နှင့် သတလ( )မှရရှိမည့် အချိုးများကို အပြည့်အဝ ပေးသွင်းရေး ကြပ်မတ် ဆောင်ရွက်ရမည်။

(စ) အကယ်၍ **ကန်ထရိုက်တာက အထက်အပိုဒ် ၉-၂(င)ပါ ပေးသွင်းရန်များကို** ပျက်ကွက်လျှင် သတလ( )သည် ဝန်ကြီးဌာန၏ သဘောတူညီချက်ဖြင့် မြန်မာ့သတ္တုတွင်း ဥပဒေ၊ နည်းဥပဒေများ၊ စီမံခန့်ခွဲရေးလုပ်ထုံးလုပ်နည်းများနှင့်အညီ **ကန်ထရိုက်တာအားအရေးယူဆောင်ရွက်ရမည်။**

## အပိုင်း (၁၀)

## သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးစီမံချက်

၁၀-၁။ ကန်ထရိုက်တာအနေဖြင့် စီမံကိန်းဧရိယာနှင့် ပတ်ဝန်းကျင်ဧရိယာများ၏ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးအတွက် တာဝန်ယူရမည်။ ---------- ထုတ်လုပ်မှုလုပ်ငန်းကြောင့် ဖြစ်ပေါ်လာသည့် မြေယာသုံးစွဲမှု ပြဿနာ၊ လူမှုရေးဆိုင်ရာ ပြဿနာ၊ ဂေဟာစနစ်ဆိုင်ရာပြဿနာ၊ လေထုညစ်ညမ်းမှုနှင့်အသံဆူညံမှု၊ တုန်ခါမှုများ၊ရှုခင်းရှုကွက်ကို ထိခိုက်ပျက်ယွင်းစေသည့် သဘာဝပတ်ဝန်းကျင်ထိခိုက်မှု နှင့်ဆက်စပ်ပတ်သက်သည့် အခြေအနေများကို ကန်ထရိုက်တာက ထိန်းသိမ်းဆောင်ရွက်ရမည်။

၁၀-၂။ သတ္တုလုပ်ကွက်မြေနေရာအား ပြန်လည်ထူထောင်ခြင်း၊ သတ္တုတွင်းအားပြန်လည်အပ်နှံခြင်းနှင့် သတ္တုတွင်းပိတ်သိမ်းခြင်းဆိုင်ရာ စီမံချက်များသည် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းစဉ်များ၏ အစိတ်အပိုင်းဖြစ်ပြီး ၎င်းတွင်ပိတ်သိမ်းမှုလုပ်ငန်းအားလုံး၏ အသေးစိတ်နည်းစနစ်များ ပါဝင်ရမည်။ ကန်ထရိုက်တာအနေဖြင့် သတ္တုတွင်းပိတ်သိမ်းမှုစီမံချက်ကို ဝန်ကြီးဌာနသို့ တင်ပြအတည်ပြုချက်ရယူရမည်ဖြစ်ပြီး ၎င်းတွင် ဘဏ္ဍာရေးဆိုင်ရာ စီမံခန့်ခွဲမှု၊ စီစဉ်ဆောင်ရွက်ထားမှုများ ပါရှိရမည်။

၁၀-၃။ ကန်ထရိုက်တာသည် တည်ဆဲပတ်ဝန်းကျင် ထိန်းသိမ်းရေးဥပဒေ၊ နည်းဥပဒေများနှင့် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနက အခါအားလျော်စွာ ထုတ်ပြန်သည့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ ညွှန်ကြားချက်များကို လေးစားလိုက်နာ

ရမည့်အပြင် နှစ်စဉ်ပတ်ဝန်းကျင် ထိန်းသိမ်းရေးလုပ်ငန်းအတွက် မြန်မာ့သတ္တုတွင်း နည်းဥပဒေများ၊ နည်းဥပဒေ ၁၉၂ နည်းဥပဒေခွဲ (က) နှင့်အညီ ရန်ပုံငွေထားရှိရမည်။

## အပိုင်း (၁၁)

## လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးတာဝန်ယူမှု

၁၁။ ကန်ထရိုက်တာအနေဖြင့် ခေတ်သတ္တုအလတ်စားတူးဖော်ထုတ်လုပ်သည့်ကာလ တစ်လျှောက်၌ ဒေသခံများနှင့် လူမှုစီးပွားဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုများကို တာဝန်ယူရမည်ဖြစ်ပြီး လူမှုရေး ထိခိုက်မှုဆန်းစစ်ခြင်း (Social Impact Assessment) ကို လေ့လာ၍ လုပ်ငန်းစီမံချက်တစ်ရပ် ရေးဆွဲပြီး အောက်ပါအတိုင်း ရန်ပုံငွေထားရှိရမည်–

(က) ထုတ်လုပ်မှုမစတင်မီကာလတွင်ခေတ်သတ္တု လုပ်ငန်း ရင်းနှီးမြှုပ်နှံငွေ၏ အနည်းဆုံး ၂% ကို မတည်ငွေအဖြစ် စာရင်းဖွင့်လှစ်ထားရှိရန်၊

(ခ) ထုတ်လုပ်မှုစတင်သည့်အခါတွင် ခေတ်သတ္တု ထုတ်လုပ်မှုပမာဏ၏ အနည်းဆုံး ၁ % ကို နှစ်စဉ် ထပ်မံထည့်သွင်းရန်။

## အပိုင်း(၁၂)

## သတ္တုတွင်းလုပ်ကွက် ပိတ်သိမ်းခြင်း

၁၂-၁။ ကန်ထရိုက်တာသည် ထုတ်လုပ်မှုလုပ်ငန်းစတင်ပြီး ရက်ပေါင်း ၉၀ အတွင်း သတ္တုတွင်း ပိတ်သိမ်းခြင်းအစီအစဉ်ကို ဝန်ကြီးဌာန သို့မဟုတ် ဦးစီးဌာနသို့ တင်ပြရမည်။ ထုတ်လုပ်မှု သက်တမ်းကာလအတွင်း ငါးနှစ်တစ်ကြိမ် ပြန်လည်သုံးသပ်မှု ပြုလုပ်ရန်နှင့် ထူးခြား၍ ဂရုပြုလောက်သည့် ပြောင်းလဲမှုရှိလာသည့်အခါတိုင်း စီမံချက်အား ပြင်ဆင်ဖြည့်စွက် ဆောင်ရွက်ရမည်။

၁၂-၂။ စီးပွားဖြစ် ခေတ်သတ္တုထုတ်လုပ်မှုလုပ်ငန်း မပြီးဆုံးမီ ၁နှစ်ထက်နောက်မကျစေဘဲ အပြီးသတ် ပိတ်သိမ်းခြင်းအစီအစဉ်ကို ဝန်ကြီးဌာနသို့ တင်ပြပြီးအတည်ပြုချက်ရရှိပါက အပြီးသတ် ပိတ်သိမ်းမှုလုပ်ငန်းများ ဆောင်ရွက်ရမည်။ လုပ်ငန်းဆောင်ရွက်မှုအစီအစဉ်အားသုံးလ တစ်ကြိမ်တင်ပြရမည်။

၁၂-၃။ ကန်ထရိုက်တာသည် မြန်မာ့သတ္တုတွင်းဥပဒေ၊ နည်းဥပဒေများနှင့်အညီ သတ္တုတွင်း ပိတ်သိမ်းမှုနှင့် ပြန်လည်ထူထောင်မှုဆိုင်ရာ ဘဏ္ဍာရေးအာမခံအဖြစ် အောက်ပါအတိုင်း ရန်ပုံငွေထူထောင်ထားရှိရမည်–

(က) ထုတ်လုပ်မှုမစတင်မီကာလတွင် ခေတ်သတ္တု လုပ်ငန်း ရင်းနှီးမြှုပ်နှံငွေ၏အနည်းဆုံး ၂% ကိုမတည်ငွေအဖြစ် စာရင်းဖွင့်လှစ်ထားရှိရန်၊

(ခ) ထုတ်လုပ်မှုစတင်သည့်အခါတွင် နှစ်စဉ်ဓာတ်သတ္တုရောင်းချမှုတန်ဖိုး၏အနည်းဆုံး၂ % မှလိုအပ်သည့်ရာခိုင်နှုန်းအထိ (သို့မဟုတ်) ဓာတ်သတ္တု ရောင်းချမှုမရှိပါက ဓာတ်သတ္တုလုပ်ငန်း ရင်းနှီးမြုပ်နှံငွေ၏ အနည်းဆုံး၂%မှ လိုအပ်သည့် ရာခိုင်နှုန်းအထိ ထည့်သွင်းရန်။

၁၂-၄။ ကန်ထရိုက်တာသည် သတ္တုသိုက်ကုန်ဆုံးခြင်း သို့မဟုတ် ဆက်လက်လုပ်ကိုင်ခြင်းမရှိသော သတ္တုတွင်းလုပ်ကွက်များကို ပိတ်သိမ်းပြီးပြန်လည်အပ်နှံရာတွင် ဝန်ကြီးဌာန၏ သတ်မှတ်ချက်များနှင့်အညီ အကောင်းဆုံးအခြေအနေ ပြန်လည်ရရှိရန် မြေယာပြုပြင်ခြင်းနှင့် ထူထောင်မှုလုပ်ငန်းများ ဆောင်ရွက်ခြင်းတို့ ပြုရမည်။

၁၂-၅။ လုပ်ငန်းပိတ်သိမ်းချိန်တွင် တူးဖောက်ထားသည့် လွန်တွင်းများ၊ အစမ်းတွင်းများ၊ မြောင်းများနှင့် ကလိုင်များကို ပြန်လည်မြေဖို့ခြင်း သို့မဟုတ် အန္တရာယ်မဖြစ်စေရန် ဆောင်ရွက်ပေးရမည်။

၁၂-၆။ ကန်ထရိုက်တာသည် နောက်ဆုံးဆောင်ရွက်ခဲ့သည့် ဓာတ်သတ္တုအလတ်စားလုပ်ကွက်ဧရိယာကို သတ္တုတွင်းပိတ်သိမ်းပြီးနောက် တစ်ဆက်တည်း ၅ နှစ်အထိ စွန့်ပစ်မြေ၊ စွန့်ပစ်ရေ အပါအဝင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးကို စောင့်ကြည့်လေ့လာခြင်း၊ အကဲဖြတ်ဆန်းစစ်ခြင်းနှင့် ကုစားဆောင်ရွက်ပေးခြင်းတို့ ပြုလုပ်ရမည်။

## အပိုင်း(၁၃)

## ဓာတ်သတ္တုခွန်နှင့် ပုံသေမြေငှားရမ်းခ

**သတ္တု/စက်မှု/ကျောက်ဖြစ်လျှင်**

၁၃-၁။ ဤလုပ်ငန်းသဘောတူစာချုပ်အရ ထုတ်လုပ်ထွက်ရှိလာမည့် စုစုပေါင်းတန်ချိန်အပေါ် ဓာတ်သတ္တုခွန်ကို မြန်မာ့သတ္တုတွင်းဥပဒေ၊ နည်းဥပဒေများနှင့်အညီ ဓာတ်သတ္တုပစ္စည်း (In Kind) အနေဖြင့်ဖြစ်စေ၊ အပိုင်း(၁၅)ပါတန်ဖိုးသတ်မှတ်ချက်အတိုင်းဖြစ်စေ ကန်ထရိုက်တာက ဦးစီးဌာနသို့ပေးဆောင်ရမည်။

၁၃-၂။ ကန်ထရိုက်တာသည် ပုံသေမြေငှားရမ်းခ (Dead Rent) ကို မြန်မာ့သတ္တုတွင်း ဥပဒေ၊ နည်းဥပဒေများပါ ပြဋ္ဌာန်းချက်များနှင့်အညီ ဦးစီးဌာနသို့ ပထမနှစ်အတွက် စာချုပ်ချုပ်ဆိုသည့်နေ့မတိုင်မီပေးဆောင်ရမည်။ ကျန်နှစ်စဉ် ပေးသွင်းရမည့် ပုံသေမြေငှားရမ်းခကို ခွင့်ပြုမိန့်သက်တမ်းတစ်နှစ်စေ့ရောက်သည့်နေ့မှစ၍ ရက်ပေါင်း ၃၀ အတွင်း ခြောက်လလျှင်တစ်ကြိမ်စီဖြင့် နှစ်ကြိမ်ခွဲ၍ ပေးသွင်းနိုင်သည်၊

၁၃-၃။ ကန်ထရိုက်တာသည် ပုံသေမြေငှားရမ်းခ(Dead Rent)ကို မြန်မာ့သတ္တုတွင်းနည်းဥပဒေများပါ ပြဋ္ဌာန်းချက်များနှင့်အညီ ဦးစီးဌာနသို့ ပေးဆောင်ရမည်။

**ရွှေသတ္တုဖြစ်လျှင်**

၁၃-၁။ ဤသဘောတူစာချုပ်အရ လုပ်ကိုင်၍ထွက်ရှိလာမည့် ရွှေသတ္တုစုစုပေါင်း၏(၅)ရာခိုင်နှုန်းကို ကန်ထရိုက်တာက ခေတ်သတ္တုခွန်အဖြစ် သတလ(၂)သို့ ပေးဆောင်ရမည်။

၁၃-၂။ သတလ(၂)သည် ခေတ်သတ္တုခွန် (၅)ရာခိုင်နှုန်းကို စာချုပ်အပိုင်း(၁၅)အရတန်ဖိုးသင့်ပြီး မြန်မာကျပ်ငွေဖြင့် သတ္တုတွင်းဦးစီးဌာနသို့ ပေးသွင်းရမည်။

၁၃-၃။ ကန်ထရိုက်တာသည် ပုံသေမြေငှားရမ်းခ (Dead Rent)ကို မြန်မာ့သတ္တုတွင်း နည်းဥပဒေပါ ပြဋ္ဌာန်းချက်များအရ သတ္တုတွင်းဦးစီးဌာနသို့ ပေးဆောင်ရမည်။

**အပိုင်း(၁၄)**

**ထုတ်လုပ်မှုအပေါ်ခွဲဝေခံစားခြင်း**

**သတ္တု/စက်မှု/ကျောက်ဖြစ်လျှင်**

၁၄-၁။ ဤသဘောတူစာချုပ်ပါ လုပ်ကိုင်ခွင့်ရှိသောလုပ်ကွက်ဧရိယာအတွင်း၌ တူးဖော်ထုတ်လုပ်ရာမှ ထွက်ရှိလာသော ------------- တန်ချိန်စုစုပေါင်း၏ ( ) ရာခိုင်နှုန်းကို အထက်အပိုဒ် ၁၃-၁ နှင့်အညီနိုင်ငံတော်အတွက် ခေတ်သတ္တုခွန်အဖြစ် ဦးစီးဌာနသို့ပေးဆောင်ပြီး နောက်ကျန်ရှိသော ----------- တန်ချိန်အပေါ်တွင် သတလ( )မှ ( )ရာခိုင်နှုန်းနှင့် ကန်ထရိုက်တာက ( ) ရာခိုင်နှုန်းအချိုးဖြင့် အောက်ပါအတိုင်းခွဲဝေယူရမည်-

| | | | | |
|---|---|---|---|---|
| ထုတ်ကုန်ပစ္စည်း | = | ခေတ်သတ္တုခွန် | + | ကျန်------------------ |
| ( ) | = | ( ) % | + | ( ) % |
| (၁၀၀) တန် | = | ( ) တန် | + | ( ) တန် |
| ကျန်---------------- | = | သတလ( ) | + | ကန်ထရိုက်တာ |
| ( ) | = | ( )% | + | ( )% |
| ( ) တန် | = | ( )တန် | + | ( )တန် |

၁၄-၂။ ထုတ်လုပ်မှုအပေါ်ခွဲဝေခံစားမှုအရ သတလ( )သည် ခေတ်သတ္တုပစ္စည်း (In Kind) ကိုသော်လည်းကောင်း၊ အပိုင်း(၁၅)တွင် ဖော်ပြထားသည့်ဈေးနှုန်းဖြင့် ဝန်ကြီးဌာနက အတည်ပြုထားသော ငွေသား (In Cash) ကိုသော်လည်းကောင်း ရယူနိုင်သည်။

**ရွှေသတ္တုဖြစ်လျှင်**

၁၄။ ထုတ်လုပ်ရရှိသော ရွှေသတ္တုများကို သတလ(၂)နှင့် ကန်ထရိုက်တာတို့သည် အောက်ပါအတိုင်း အချိုးကျ ခွဲဝေခံစားရမည် -

ထုတ်လုပ်မှု - (ခေတ်သတ္တုခွန် +ထုတ်လုပ်မှုကုန်ကျစရိတ်)= သတလ(၂) + ကန်ထရိုက်တာ

-----% - (---% + ----%) = ---% + ---%

## အပိုင်း(၁၅)

## ထုတ်ကုန်ပစ္စည်းတန်ဖိုးသတ်မှတ်ခြင်း

၁၅။ **သတ္တု/စက်မှု/ကျောက်ဖြစ်လျှင်**

သတလ( ) ကအချိုးကျရရှိမည့် စက်မှုတွင်းထွက်ကုန်ကြမ်း (သို့မဟုတ်) ကျောက် နှင့် ဓာတ်သတ္တုခွန်အတွက်ရရှိသည့် စက်မှုတွင်းထွက်ကုန်ကြမ်း (သို့မဟုတ်) ကျောက် အားလုံး တို့၏ တစ်တန်တွင်း၀တန်ဖိုး ကာလပေါက်ဈေးနှုန်းအား ပူးတွဲစီမံခန့်ခွဲရေး ကော်မတီ၏ ထောက်ခံချက်ဖြင့်လည်းကောင်း၊ သတ္တုများကို ရောင်းချရာ၌ နိုင်ငံတကာ အသိအမှတ်ပြု အပြည်ပြည်ဆိုင်ရာဈေးနှုန်းကိုအခြေခံ၍ ဦးစီးဌာနကတွက်ချက်ထားသော ဈေးနှုန်းထောက်ခံချက် ဖြင့်လည်းကောင်း သယံဇာတနှင့် သဘာ၀ပတ်၀န်းကျင်ထိန်းသိမ်းရေး ၀န်ကြီးဌာန၊ စီမံခန့်ခွဲရေး ကော်မတီသို့ တင်ပြဆုံးဖြတ် သတ်မှတ်ရမည်။

**ရွှေသတ္တုဖြစ်လျှင်**

ထုတ်လုပ်သည့်ရွှေသတ္တုစင်နှင့် နှစ်ကုန်လက်ကျန် ရွှေသတ္တုစင်များအတွက် တန်ဖိုးသတ်မှတ်ရန် လိုအပ်ပါက ကမ္ဘာ့ရွှေဈေးနှုန်းနှင့် မြန်မာ့ရွှေဈေးနှုန်းအပေါ် မူတည်၍ သတ်မှတ်ရမည်။

## အပိုင်း(၁၆)

## သိုလှောင်ခြင်း၊ လွှဲပြောင်းခြင်းနှင့် သယ်ယူရောင်းချခြင်း

၁၆-၁။ **သတ္တု/စက်မှု/ကျောက်ဖြစ်လျှင်**

ထုတ်လုပ်ရရှိသော သတ္တု/ သတ္တုသန့်စင်များကို ကန်ထရိုက်တာသည် လုံခြုံရေးစိတ်ချ ရသောနေရာ၊ သိုလှောင်ခန်းတို့တွင် နှစ်ဖက်ညှိနှိုင်းသတ်မှတ်ထားသည့် လုံခြုံမှုအစီအမံအရ သေချာစွာထည့်သွင်းထား ရမည်။

**ရွှေသတ္တုဖြစ်လျှင်**

ကန်ထရိုက်တာသည် သန့်စင်ပြီးသောသတ္တုစင်များကို သတ်မှတ်ထားသည့် လုံခြုံရေး စိတ်ချ ရသောနေရာ၊ သိုလှောင်ခန်း၊ အာမခံသေတ္တာတွင် သေချာစွာ ထည့်သွင်းထားရမည်။ ယင်းသို့ သိုလှောင်သိမ်းဆည်းထားသောနေရာကို သော့ခလောက် နှစ်လုံး ခတ်သည့်စနစ် အသုံးပြု၍ သတလ(၂)နှင့် ကန်ထရိုက်တာတို့က သော့တစ်ချောင်းစီ ထိန်းသိမ်းထားကြရမည်။ သိုလှောင်ခန်း အာမခံ သေတ္တာဖွင့်/ပိတ်ခြင်းကို နှစ်ဖက်အတူတကွ ဆောင်ရွက်ရမည်။

၁၆-၂။ သတလ( ) က အချိုးကျရရှိမည့် ဓာတ်သတ္တုများကို လိုအပ်ပါက သတလ( ) က သတ်မှတ် ထားသော နေရာတွင် ကန်ထရိုက်တာက လွှဲပြောင်းပေးရမည်။

၁၆-၃။ အပိုဒ် ၁၄-၁ အရ ကန်ထရိုက်တာက အချိုးကျရရှိသော ခတ်သတ္တုများ သယ်ယူခြင်းနှင့် ရောင်းချခြင်းကို ဝန်ကြီးဌာန လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်နိုင်သည်။

## အပိုင်း(၁၇)

## အခွန်အကောက်များ

**သတ္တု/စက်မှု/ကျောက်ဖြစ်လျှင်**

၁၇-၁။ ကန်ထရိုက်တာသည် အခွန်ဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ တည်ဆဲအခွန်ဆိုင်ရာဥပဒေများ၊ နည်းဥပဒေများ၊ စည်းမျဉ်းများ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ လိုက်နာဆောင်ရွက်ရမည်။

၁၇-၂။ သတလ( )သည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ တည်ဆဲအခွန်ဥပဒေများအရ သက်သာခွင့်ပြုနိုင်သည့် ကိစ္စရပ်များအတွက်သာ ကန်ထရိုက်တာကို ကူညီဆောင်ရွက်ပေးရမည်။

**ရွှေသတ္တုဖြစ်လျှင်**

၁၇-၁။ ကန်ထရိုက်တာသည် အခွန်ဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ တည်ဆဲအခွန်ဆိုင်ရာဥပဒေများ၊ နည်းဥပဒေများ၊ စည်းမျဉ်းများ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ လိုက်နာဆောင်ရွက်ရမည်။

၁၇-၂။ သတလ( )သည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ တည်ဆဲအခွန်ဥပဒေများအရ သက်သာခွင့်ပြုနိုင်သည့် ကိစ္စရပ်များအတွက်သာ ကန်ထရိုက်တာကို ကူညီဆောင်ရွက်ပေးရမည်။

၁၇-၃။ ကန်ထရိုက်တာသည် တည်ဆဲဥပဒေများအရ ကန်ထရိုက်တာနှင့် ဝန်ထမ်းများက ပေးဆောင်ရသည့် ဝင်ငွေခွန်အပါအဝင် အခြားအခွန်အခများကို တာဝန်ယူဆောင်ရွက်ပေးရမည်။

## အပိုင်း(၁၈)

## လုပ်ငန်းသုံးစက်ပစ္စည်းကိရိယာများ

၁၈-၁။ ကန်ထရိုက်တာသည် ဤလုပ်ငန်းသဘောတူစာချုပ်အရ ဆောင်ရွက်မည့် တူးဖော်မှုလုပ်ငန်းအတွက်အသုံးပြုမည့် စက်ယန္တရားနှင့်စက်ကိရိယာများ၊ စက်ပစ္စည်းများကို မြန်မာ့သတ္တုတွင်းနည်းဥပဒေများ၏ နောက်ဆက်တွဲ(က)နှင့်အညီ အသုံးပြုရမည်။ စက်ယန္တရားနှင့် စက်ကိရိယာများ၊ စက်ပစ္စည်းများကို ပြည်ပမှ တင်သွင်းရန်ရှိပါက ဝန်ကြီးဌာနသို့ တင်ပြပြီး မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်နှင့် သက်ဆိုင်ရာဝန်ကြီးဌာနက သဘောတူခွင့်ပြုချက် ရရှိမှသာ တင်သွင်းခွင့်ရှိသည်။

၁၈-၂။ အပိုဒ် ၁၈-၁ အရ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အတွင်း တင်သွင်းလာသည့် စက်ယန္တရားနှင့်စက်ကိရိယာများ၊ စက်ပစ္စည်းများကို မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင် နှင့် သက်ဆိုင်ရာဝန်ကြီးဌာန၏ သဘောတူညီချက်မရဘဲ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အတွင်း ပြန်လည်ရောင်းချခြင်း မပြုရ။

**အပိုင်း(၁၉)**

**အာမခံထားရှိခြင်း**

၁၉။ ကန်ထရိုက်တာသည် မြန်မာ့အာမခံဥပဒေအရ လိုအပ်သော အာမခံများထားရှိရမည်။

**အပိုင်း(၂၀)**

**လက်မှတ်ရေးထိုးဆုကြေးငွေ**

၂၀။ ကန်ထရိုက်တာသည် **လက်မှတ်ရေးထိုးဆုကြေးငွေ** အဖြစ် လုပ်ကွက်(၁)ကွက် အတွက် မြန်မာ ကျပ်-------------/-(ကျပ်----------------တိတိ) ကို ဤ သဘောတူစာချုပ် မချုပ်ဆိုမီ ပေးသွင်းရမည်။

**အပိုင်း(၂၁)**

**ငွေပေးချေခြင်း**

၂၁-၁။ ကန်ထရိုက်တာသည် ဤလုပ်ငန်းသဘောတူစာချုပ်အရ သတလ( )သို့ ပေးသွင်းရန်ရှိသော ငွေများ၊ အခွန်အခများကို သတလ( ) ကသတ်မှတ်ပေးထားသော မြန်မာနိုင်ငံအတွင်းရှိ အစိုးရဘဏ်တွင် ပေးချေရန် ကျရောက်သည့်နေ့မှ ရက်ပေါင်း(၃၀) အတွင်းပေးသွင်းရမည်။

၂၁-၂။ အကယ်၍ ကန်ထရိုက်တာသည် အပိုဒ် ၂၀ နှင့် အပိုဒ် ၂၅ ပါ ပေးသွင်းရန် ရှိသောငွေများကို ပေးသွင်းရန် ပျက်ကွက်ခဲ့လျှင် သတလ( )က ကန်ထရိုက်တာသို့ရက်ပေါင်း (၉၀) အတွင်း စာဖြင့် (၃)ကြိမ် တိုင် အသိပေးနိူးဆော် အကြောင်းကြားရန်ဖြစ်ပြီး ဆက်လက် ပျက်ကွက် နေပါက မြန်မာ့သတ္တုတွင်းနည်းဥပဒေများ၊ နည်းဥပဒေ ၂၁၁ နည်းဥပဒေခွဲ(က) နှင့်အညီ ဝန်ကြီးဌာနသို့ တင်ပြ၍ စီမံခန့်ခွဲရေးနည်းလမ်းဖြစ်သည့် ခွင့်ပြုမိန့်ကို ဆိုင်းငံ့ထားစေခြင်း (သို့မဟုတ်) ပယ်ဖျက်ခြင်း ပြုနိုင်သည်။

**အပိုင်း(၂၂)**

**အငြင်းပွားမှု ဖြေရှင်းခြင်း**

၂၂။ ဤလုပ်ငန်းသဘောတူစာချုပ်နှင့်ပတ်သက်၍ အငြင်းပွားမှုတစ်စုံတစ်ရာပေါ်ပေါက်လာပါက နှစ်ဦးနှစ်ဖက် ပြေလည်စွာ ညှိနှိုင်းဖြေရှင်းရမည်။ ထိုသို့ဖြေရှင်း၍မရပါက ထိုအငြင်းပွားမှုကို

၂၀၁၆ ခုနှစ် ပြည်ထောင်စု လွှတ်တော်ဥပဒေအမှတ် ၅ ဖြင့် ပြဋ္ဌာန်းသည့် အနုညာတစီရင်ဆုံးဖြတ်ခြင်း ဥပဒေနှင့်အညီ ဖြေရှင်းဆောင်ရွက်ရမည်။ အနုညာတစီရင် ဆုံးဖြတ်မည့် နေရာသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နေပြည်တော် ဖြစ်စေရမည်။

**အပိုင်း(၂၃)**

**စီမံခန့်ခွဲခြင်း**

၂၃-၁။ **ပူးတွဲစီမံခန့်ခွဲရေးကော်မတီ**

(က) သတလ( )နှင့် ကန်ထရိုက်တာတို့ ကိုယ်စားလှယ်များပါဝင်သော ပူးတွဲစီမံခန့်ခွဲရေးကော်မတီတစ်ခု ဖွဲ့စည်းရမည်။ ၎င်းကော်မတီတွင် အဖွဲ့ဝင်(၅)ဦးပါဝင်ပြီး သတလ( ) ဦးဆောင်ညွှန်ကြားရေးမှူးသည် ဥက္ကဋ္ဌ ဖြစ်စေရမည်။ ကန်ထရိုက်တာကအဖွဲ့ဝင်(၂) ဦး ပါဝင်စေလျက် သတလ( ) က အဖွဲ့ဝင် (၃)ဦးပါဝင် စေရမည်။ ဥက္ကဋ္ဌက ကော်မတီ အတွင်းရေးမှူးတစ်ဦးကို ခန့်ထားရမည်။ လိုအပ်ပါက နှစ်ဦးနှစ်ဖက် ညှိနှိုင်း၍ ပူးတွဲ စီမံခန့်ခွဲရေးကော်မတီ အဖွဲ့ဝင်ကို ထပ်မံတိုးချဲ့ ဖွဲ့စည်းနိုင်သည်။

(ခ) ကော်မတီသည် နေပြည်တော် (သို့မဟုတ်)နှစ်ဖက်သဘောတူညီမှုရရှိထားသော အခြားသင့်လျော်ရာ နေရာတွင် ( )လတစ်ကြိမ် တွေ့ဆုံညှိနှိုင်းဆွေးနွေးရမည်။ လိုအပ်ပါက ဥက္ကဋ္ဌသည် ဤကော်မတီ၏ အစည်းအဝေးကို အချိန်မရွေး ခေါ်ယူနိုင်သည်။

(ဂ) ကော်မတီဝင်များအတွက် အခကြေးငွေများ(သို့မဟုတ်) အခြားစရိတ်များကို ပူးတွဲစီမံခန့်ခွဲရေးကော်မတီ၏ အဆုံးအဖြတ်ဖြင့်သာ သတ်မှတ်ဆောင်ရွက်ရမည်။ ယင်းအခကြေးငွေကို ကန်ထရိုက်တာက ကျခံရမည်။

(ဃ) ကော်မတီသည် ဤစာချုပ်အရ ဓာတ်သတ္တုတူးဖော်ထုတ်လုပ်မှုနှင့် ပတ်သက်သော လုပ်ငန်းစဉ်များ၊ ပတ်ဝန်းကျင်ထိခိုက်မှုနှင့် လူမှုရေးအရတာဝန်ယူမှုကိစ္စရပ်များ၊ ဘဏ္ဍာရေးကိစ္စရပ်များ၊ နည်းပညာဆိုင်ရာကိစ္စရပ်များ၊ စီမံခန့်ခွဲမှုကိစ္စများ၊ ရောင်းချမှုကိစ္စရပ်များ အပါအဝင် ဤလုပ်ငန်းသဘောတူစာချုပ်ပါ လုပ်ငန်း အရပ်ရပ်ကို ညှိနှိုင်းဆွေးနွေးဆောင်ရွက်ရမည်။

(င) ကော်မတီ၏ ညှိနှိုင်းဆုံးဖြတ်ချက်များကို သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီသို့ တင်ပြအတည်ပြုချက်ရယူဆောင်ရွက်ရမည်။

**သတ္တု/စက်မှု/ကျောက်ဖြစ်လျှင်**

၂၃-၂။ **လုပ်ငန်း စီမံခန့်ခွဲခြင်း**

(က) ကန်ထရိုက်တာသည် နေ့စဉ်လုပ်ငန်းရပ်များ ကြီးကြပ်ကွပ်ကဲ ဆောင်ရွက်နိုင်ရန် အတွက် သတ်မှတ်သော အရည်အချင်းနှင့်ပြည့်စုံသည့် ကျွမ်းကျင်ပြီး အတွေ့အကြုံ ရှိသူတစ်ဦးအား အထွေထွေမန်နေဂျာ သို့မဟုတ် မန်နေဂျာအဖြစ် ခန့်ထားရမည်။ အထွေထွေမန်နေဂျာ သို့မဟုတ် မန်နေဂျာသည် ပူးတွဲစီမံခန့်ခွဲရေး ကော်မတီက သတ်မှတ်ပေးထားသော စည်းမျဉ်း ဘောင်အတွင်းမှ လုပ်ငန်းအစီအစဉ်များကို အပြည့်အဝတာဝန်ယူ၍ ကြီးကြပ်ကွပ်ကဲ ဆောင်ရွက် ရမည်။

(ခ) ကန်ထရိုက်တာသည် အောက်ပါတာဝန်နှင့်လုပ်ပိုင်ခွင့်များကို အထွေထွေမန်နေဂျာ သို့မဟုတ် မန်နေဂျာအား ကြီးကြပ် လမ်းညွှန်ပေး၍ လုပ်ကိုင်ဆောင်ရွက်စေရမည်-

(၁) နှစ်စဉ်ငွေကြေးအသုံးစရိတ် ခန့်မှန်းခြေများပြုစုရေးဆွဲခြင်းနှင့် လုပ်ငန်းစဉ်များ အရ၊ ပြန်လည်ပြုပြင်ထားသည့် အသုံးစရိတ် ခန့်မှန်းခြေများ ပြုစုရေးဆွဲခြင်း။

(၂) လုပ်ငန်းကိစ္စအဝဝနှင့်သက်ဆိုင်သော သုံးလပတ်အစီရင်ခံစာနှင့် နှစ်ချုပ် အစီရင်ခံစာများ ရေးဆွဲခြင်း။

(၃) လုပ်ငန်းအတွက် လိုအပ်သောဝန်ထမ်းနှင့် လုပ်သားများကို သတလ( )၏ သဘောတူညီမှုဖြင့် ဖြည့်စွက်ခြင်း၊ ခန့်ထားခြင်း။

(၄) လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးကောင်းမွန်စေရေး၊ လုပ်ငန်းခွင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် စီမံခန့်ခွဲမှုအစီအစဉ်များကို အကောင်အထည်ဖော် ဆောင်ရွက်စေခြင်း။

**ရွှေသတ္တုဖြစ်လျှင်**

**လုပ်ငန်းစစ်ဆေးခြင်း**

၂၃-၂။ ရွှေသတ္တုထုတ်လုပ်မှုအပေါ် ခွဲဝေခံစားသည့်လုပ်ငန်း၏ လုပ်ငန်းစဉ်များ အောင်မြင်ရေးနှင့် စာချုပ်ပါလုပ်ငန်းရပ်များ အကောင်အထည်ဖော်နိုင်ရေးတို့အတွက် သတလ( ) ၏အထွေထွေ မန်နေဂျာ (သို့မဟုတ်) အထွေထွေမန်နေဂျာမှ တာဝန်ပေးသူ ဦးဆောင်သောအဖွဲ့နှင့် သက်ဆိုင်ရာ မြို့နယ်ရွှေကြီးကြပ်ရေးအဖွဲ့များ၏ အခါအားလျော်စွာ ကွင်းဆင်းစစ်ဆေးခြင်း နှင့် သက်ဆိုင်ရာ လုပ်ငန်းရှင် နှင့် ဆွေးနွေးခြင်းတို့ကို ခံယူရမည်။

၂၃-၃။ ဖော်ပြပါ လုပ်ငန်းစစ်ဆေးရေးအဖွဲ့ နှင့် ကန်ထရိုက်တာတို့ နှစ်ဦးနှစ်ဖက် ဆွေးနွေးခြင်းကို ဌာန၏ အထွေထွေမန်နေဂျာရုံး (သို့မဟုတ်) ရွှေသတ္တုထုတ်လုပ်မှုအပေါ် ခွဲဝေခံစားသည့်

လုပ်ငန်းရှိရာ အခြားသင့်လျော်သည့်နေရာတွင် (၃)လတစ်ကြိမ် ဆွေးနွေးညှိနှိုင်းရမည်။ လိုအပ်ပါက ဌာန၏အထွေထွေမန်နေဂျာကအချိန်မရွေး အစည်းအဝေးခေါ်ယူနိုင်သည်။

၂၃-၄။ လုပ်ငန်းစစ်ဆေးရေးအဖွဲ့က ဆုံးဖြတ်ရန်ခက်ခဲသည့် (သို့မဟုတ်) မဆုံးဖြတ်နိုင်သည့် ကိစ္စရပ်များအား သတလ( )မှတစ်ဆင့် ဝန်ကြီးဌာနသို့ တင်ပြဆောင်ရွက်ရမည်။

၂၃-၅။ လုပ်ငန်းစစ်ဆေးရေးအဖွဲ့သည် ဝန်ကြီးဌာနက အခါအားလျော်စွာ ချမှတ်ထားသော ဆုံးဖြတ်ချက်နှင့် အမိန့်များကို အရေးယူလိုက်နာ ဆောင်ရွက်ရမည်။

## အပိုင်း(၂၄)

## လုပ်ငန်းများ ကြီးကြပ်ဆောင်ရွက်ခြင်း

၂၄-၁။ ကန်ထရိုက်တာသည် လုပ်ငန်းကာလအတွင်း သတလ( ) က ကိုယ်စားလှယ်နှစ်ဦးထားရှိရန် သဘောတူရမည်။ ယင်းကိုယ်စားလှယ်များ၏ နေထိုင်သွားလာရေး၊ စားသောက်ရေးနှင့် ပူးတွဲစီမံခန့်ခွဲရေးကော်မတီက သတ်မှတ်ပေးထားသော လစဉ်ထောက်ပံ့ကြေးငွေများကို ကန်ထရိုက်တာက စီမံဆောင်ရွက်ပေးရမည်။

၂၄-၂။ သတလ( )ကိုယ်စားလှယ်များအား ဤလုပ်ငန်းသဘောတူစာချုပ်ပါ လုပ်ကိုင်ခွင့်ရှိသော လုပ်ကွက်များ၌ ထုထောင်မှုလုပ်ငန်းများ၊ ထုတ်လုပ်မှုလုပ်ငန်းများအား ဤလုပ်ငန်းသဘောတူစာချုပ်ပါအတိုင်း ကြီးကြပ်ဆောင်ရွက်စေရမည်။ ကိုယ်စားလှယ်များသည် ပုံမှန်လုပ်ငန်း ဆောင်ရွက်နေမှုများကို ဝင်ရောက်စွက်ဖက်မှု မျိုးမဖြစ်စေရ။

၂၄-၃။ ဝန်ကြီးဌာနကတာဝန်ပေးအပ်ထားသောစစ်ဆေးရေးအရာရှိများသည် လိုအပ်ပါက သင့်လျော်သည့်အချိန်တွင် ဤလုပ်ငန်းသဘောတူစာချုပ်အရ လုပ်ကိုင်ခွင့်ရှိသော ဧရိယာအတွင်းရှိ လုပ်ငန်းများအား ဝင်ရောက် စစ်ဆေးခွင့်ရှိသည်။ ကန်ထရိုက်တာသည် အထက်ဖော်ပြပါ ပုဂ္ဂိုလ်များကကန်ထရိုက်တာ၏ လုပ်ငန်းများနှင့် ပတ်သက်သော နည်းပညာပိုင်းဆိုင်ရာနှင့် ထုတ်လုပ်မှုလုပ်ငန်းဆိုင်ရာ အချက်အလက်များ၊ စာရင်းဇယားများ တောင်းခံလာပါက ဆောလျင်စွာကူညီပံ့ပိုးပေးရမည်။

## အပိုင်း(၂၅)

## အာမခံစပေါ်ငွေ

၂၅-၁။ ကန်ထရိုက်တာသည် ဤလုပ်ငန်းသဘောတူစာချုပ် မချုပ်ဆိုမီ အာမခံစပေါ်ငွေအဖြစ် လုပ်ကွက်(၁)ကွက်အတွက် မြန်မာကျပ်......../-(ကျပ်.............တိတိ)နှုန်းဖြင့် နေပြည်တော်၊ မြန်မာ့စီးပွားရေးဘဏ်၊ သတလ( )ငွေစာရင်းသို့ ပေးသွင်းရမည်။ အာမခံစပေါ်ငွေကို လုပ်ငန်းသဘောတူစာချုပ်သက်တမ်း တိုးမြှင့်သည့်ကာလ အထိ (သို့မဟုတ်) ကန်ထရိုက်တာက

လုပ်ငန်းသဘောတူစာချုပ်ပါ တာဝန်ဝတ္တရားများ အားလုံးဆောင်ရွက်ပြီးစီးသည်အထိ လုပ်ငန်းသဘောတူစာချုပ် သက်တမ်းတစ်လျှောက် ထားရှိရမည်။

၂၅-၂။ ဤလုပ်ငန်းသဘောတူစာချုပ်ပါ သဘောတူညီချက်များအတိုင်း ဆောင်ရွက်ရန်ကန်ထရိုက်တာက ပျက်ကွက်ခဲ့လျှင် အပိုင်း(၂၆)ပါအတိုင်း စာချုပ်ကိုရုပ်စဲ၍ သတလ(  ) က အာမခံစပေါ်ငွေအားလုံးကို သိမ်းယူနိုင်သည်။ လုပ်ငန်းသဘောတူစာချုပ် သက်တမ်းကုန်ဆုံးလျှင်သော်လည်းကောင်း၊ ကန်ထရိုက်တာ၏ အပြစ်ကြောင့် မဟုတ်ဘဲ တစ်စုံတစ်ရာသော အကြောင်းကြောင့် နှစ်ဖက်လုပ်ငန်းသဘောတူစာချုပ် ဖျက်သိမ်းလျှင်သော်လည်းကောင်း၊ သတလ(  ) သည်ကန်ထရိုက်တာကပေးရန်ကျန်ရှိသောကြွေးမြီများကို နုတ်ယူ၍ကျန်သောအာမခံစပေါ်ငွေအား ကန်ထရိုက်တာသို့ ပြန်လည်ထုတ်ပေးရမည်။

## အပိုင်း(၂၆)

## စာချုပ်ရုပ်စဲခြင်း

၂၆-၁။ ဤလုပ်ငန်းသဘောတူစာချုပ်ကို အောက်ဖော်ပြပါအချက်အလက်များအနက် တစ်ခုခုဖြစ်ပေါ်လာပါက မည်သည့်ဘက်ကမဆို ရက်ပေါင်း(၉၀) ကြိုတင်သတိပေးပြီး ဝန်ကြီးဌာန၏ အတည်ပြုချက်ဖြင့် စာချုပ်ရုပ်စဲနိုင်သည်-

(က) တူးဖော်ထုတ်လုပ်မှုလုပ်ငန်းသည် နှစ် နှစ် ဆက်တိုက် အရှုံးပေါ်ပေါက်နေခြင်း။

( ခ) လုပ်ငန်းသဘောတူစာချုပ်ပါ စည်းကမ်းချက်တစ်ရပ်ရပ်အား စာချုပ်ဝင်တစ်ဖက်ဖက်မှ ဖောက်ဖျက်ခြင်း။

(ဂ) မလွန်ဆန်နိုင်သော ဖြစ်ရပ်တစ်ခု သည် (၆)လအထိ တစ်ဆက်တည်း ဖြစ်ပွားနေခြင်း။

(ဃ) လုပ်ငန်းသဘောတူစာချုပ် လက်မှတ်ရေးထိုးသည့်နေ့မှ (၆) လအတွင်းလုပ်ငန်းများ စတင်ဆောင်ရွက်နိုင်မှုမရှိခြင်း။

( င) စာချုပ်ပါ လုပ်ငန်းဆောင်ရွက်ခွင့်ပြုထားသော လုပ်ကွက်မြေနေရာ ပိုင်ဆိုင်မှုနှင့် စပ်လျဉ်း၍ အရှုပ်အရှင်း တစ်စုံတစ်ရာဖြစ်ပွားခြင်း။

( စ ) လုပ်ငန်းသဘောတူစာချုပ် သက်တမ်းကုန်ဆုံးခြင်း။

၂၆-၂။ ဤလုပ်ငန်းသဘောတူစာချုပ်၌ တစ်စုံတစ်ရာ ပါဝင်မှုမရှိစေကာမူ နှစ်ဦးနှစ်ဖက်ညှိနှိုင်းပြီး၊ စာဖြင့် ရေးသားထားသော သဘောတူညီချက်ရယူ၍ ဝန်ကြီးဌာန၏ အတည်ပြုချက်ဖြင့် ဤလုပ်ငန်းသဘောတူစာချုပ်ကို ရုပ်စဲနိုင်သည်။

၂၆-၃။ ဤလုပ်ငန်းသဘောတူစာချုပ်ကိုရုပ်စဲခြင်းအားဖြင့်ဤလုပ်ငန်းသဘောတူစာချုပ်ပါရှေ့ဆက်လက်ဆောင်ရွက်ရမည့် တာဝန်ဝတ္တရားများ၊ လုပ်ကိုင်ခွင့်များ၊ လုပ်ငန်းဆောင်ရွက်ရန် အချက်

အလက်များအားလုံး လုံးဝပြီးပြတ်ပြီးဖြစ်သည်ဟု မှတ်ယူရမည်။ သို့ရာတွင် ကန်ထရိုက်တာသည် ပေးရန်တာဝန်များအတွက် ဆက်လက် တာဝန်ရှိစေရမည်။

၂၆-၄။ ဤလုပ်ငန်းသဘောတူစာချုပ်ပါ ကန်ထရိုက်တာ၏ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်း၊ မတည်ငွေရင်း၊ အစုရှယ်ယာတို့နှင့်စပ်လျဉ်း၍ ဝန်ကြီးဌာန၏ သဘောတူခွင့်ပြုချက်မရှိဘဲ မြန်မာနိုင်ငံ ကုမ္ပဏီများဥပဒေ ၂၀၁၇ နှင့်အညီ Myanmar Companies Online (MyCo)တွင် မှတ်ပုံတင်ထားသည့် ဒါရိုက်တာစာရင်း၊ အစုရှယ်ယာဝင်များ၊ ကုမ္ပဏီတွင်ပါဝင်သူများ (Members) စာရင်းမှအပအခြားပုဂ္ဂိုလ်သို့မဟုတ် အဖွဲ့အစည်းကမျှ တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍ သော်လည်းကောင်း လွှဲပြောင်း ပိုင်ဆိုင်စေခြင်း သို့မဟုတ် တစ်နည်းနည်းဖြင့် ပါဝင်စီမံခန့်ခွဲစေခြင်းမရှိစေရ။ အကယ်၍ အခြား ပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းက လွှဲပြောင်း ပိုင်ဆိုင်ထားကြောင်း သို့မဟုတ် တစ်နည်းနည်းဖြင့် ပါဝင်စီမံခန့်ခွဲနေကြောင်း သက်ဆိုင်ရာက စစ်ဆေးတွေ့ရှိလျှင် ခွင့်ပြုမိန့် ရုပ်သိမ်းခြင်းနှင့် စာချုပ်ရုပ်စဲသည်အထိ အရေးယူခြင်းခံရမည်။

**အပိုင်း(၂၇)**

**ထိန်းသိမ်းခြင်း**

၂၇။ ကန်ထရိုက်တာသည် ဤလုပ်ငန်းသဘောတူစာချုပ်ပါ စည်းကမ်းချက်များ၊ စာချုပ်ပါတာဝန်များ၊လုပ်ငန်းအစီအစဉ်များနှင့် အခြား သက်ဆိုင်ပတ်သက်သည့် သတင်းအချက်အလက်များကို တည်ဆဲဥပဒေများနှင့်အညီ ထိန်းသိမ်းထားရမည်။

**အပိုင်း(၂၈)**

**မှတ်တမ်းများ၊ ငွေစာရင်းများနှင့် စာရင်းစစ်ဆေးခြင်း**

၂၈-၁။ ကန်ထရိုက်တာသည် ဤလုပ်ငန်းသဘောတူစာချုပ်ပါ လုပ်ငန်းနှင့်ပတ်သက်သည့် မှတ်တမ်းများ၊ ငွေစာရင်းများစသည်တို့ကိုမြန်မာနိုင်ငံစာရင်းကောင်စီမှထုတ်ပြန်ထားသည့် မြန်မာနိုင်ငံ ဘဏ္ဍာရေးအစီရင်ခံခြင်း ဆိုင်ရာစံများ သို့မဟုတ် နိုင်ငံတကာဘဏ္ဍာရေး အစီရင်ခံခြင်းဆိုင်ရာ စံများအတိုင်း စာရင်းများထိန်းသိမ်းထားရှိရန် တာဝန်ရှိသည်။ စာရင်းဇယားများကို မြန်မာဘာသာဖြင့်ထားရှိရမည်။ ကန်ထရိုက်တာ၏ နှစ်ချုပ်စာရင်းများကို ဘဏ္ဍာရေးနှစ်ကုန်ဆုံးပြီး (၃)လအတွင်း သတလ( )သို့ တင်ပြရမည်။

၂၈-၂။ ဤလုပ်ငန်းသဘောတူစာချုပ်အရ သတလ( )သည် ထုတ်လုပ်မှု၊ သိုလှောင်မှု မှတ်တမ်းများနှင့်ပတ်သက်၍ စစ်ဆေးခွင့်ရှိသည်။

၂၈-၃။ သတလ( )သည် လိုအပ်ပါက ပြင်ပမှ စာရင်းစစ်တစ်ဦးကို စစ်ဆေးရန် ခန့်ထားနိုင်သည်။

## အပိုင်း(၂၉)

## မလွန်ဆန်နိုင်သောဖြစ်ရပ်များ

၂၉-၁။ **"မလွန်ဆန်နိုင်သောဖြစ်ရပ်ဆိုသည်မှာ"** သဘာဝဘေးအန္တရာယ်ကျရောက်မှု၊ ရေကြောင့်ဘေးအန္တရာယ် ကျရောက်မှု၊ သပိတ်မှောက်ခြင်း၊ အလုပ်သမားများ၏ နှောင့်ယှက်မှုများ၊ အစိုးရ၏ကန့်သတ်တားမြစ်ချက်များ၊ စစ်ဖြစ်ပွားခြင်း၊ ပိတ်ဆို့မှု၊ ဆူပူမှု၊ ကူးစက်တတ်သောရောဂါဖြစ်ပွားမှု၊ မြေပြိုခြင်း၊ ငလျင်လှုပ်ခြင်း၊ မီးလောင်ခြင်း၊ မုန်တိုင်းကျခြင်း၊ မိုးကြိုးပစ် ခြင်း၊ ရေကြီးခြင်း၊ ရေလွှမ်းမိုးခြင်း၊ ပေါက်ကွဲခြင်း များနှင့် အခြားအလားတူထိန်းချုပ်၍ မရနိုင်သောဖြစ်ရပ်များ (သို့မဟုတ်) မည်သည့်ဖက်ကမျှ ကြိုးစားအားထုတ်မှုဖြင့် တားဆီး မရနိုင်သောဖြစ်ရပ်များ ပါဝင်သည်။

၂၉-၂။ ကန်ထရိုက်တာက မိမိလိုက်နာဆောင်ရွက်ရမည့် တာဝန်တစ်စိတ်တစ်ဒေသကိုဖြစ်စေ၊ အားလုံးကိုဖြစ်စေမလွန်ဆန်နိုင်သောဖြစ်ရပ်ကြောင့်ခေတ္တဆိုင်းငံ့ရမည့် အခြေအနေပေါ်ပေါက်လာလျှင် (၂၁) ရက် (နှစ်ဆယ့် တစ်ရက်) အတွင်း သတလ( )သို့ စာဖြင့် အကြောင်းကြားရမည်။ ဤသို့ အကြောင်းကြားခြင်းကို သတလ( ) ကလက်ခံစိစစ်ပြီး ဝန်ကြီးဌာန၏အတည်ပြုချက်ဖြင့် မလွန်ဆန်နိုင်သောဖြစ်ရပ် အချိန်ကာလအတွက် ဆောင်ရွက်ရမည့်တာဝန်များ ပျက်ကွက်ခြင်း (သို့မဟုတ်) နှောင့်နှေးကြန့်ကြာမှုများကို မလွန်ဆန်နိုင်သောဖြစ်ရပ်နှင့်အညီ ကင်းလွတ်ခွင့်ပြုရမည်။ ထိုမလွန်ဆန်နိုင်သော အခြေအနေကို အမြန်ဆုံးကျော်လွှားနိုင်အောင် ဆောင်ရွက်ရမည်။

၂၉-၃။ အပိုဒ်၂၉-၁ ပါ အတိုင်း မလွန်ဆန်နိုင်သောဖြစ်ရပ်ပေါ်ပေါက်မှုကို တစ်ဖက်မှ အသိပေးပြီးနှစ်ဦးနှစ်ဖက် အတည်ပြုလက်ခံထားသောဖြစ်ရပ်မှ ပေါ်ပေါက်လာသည့် ကြန့်ကြာမှု၊ဆုံးရှုံးမှုများအတွက် မည်သည့်ဘက်တွင်မျှ တာဝန်မရှိစေရ။

## အပိုင်း(၃၀)

## အခြားဓာတ်သတ္တုပစ္စည်းများတွေ့ရှိခြင်း

၃၀-၁။ ဤလုပ်ငန်းသဘောတူစာချုပ်အရ--------- တူးဖော်ထုတ်လုပ်နေစဉ်---------မှအပ အခြားဓာတ်သတ္တုအရင်းအမြစ်များ၊ ကျောက်မျက်ရတနာမျ ား၊ ရှေးဟောင်းပစ္စည်းများ တစ်ခုခုကိုတွေ့ရှိပါက ကန်ထရိုက်တာက သတလ( ) သို့ ချက်ချင်း အကြောင်းကြားရမည်။ တူးဖော်ထုတ်လုပ်သည့်-------------မှအပ အခြားဓာတ်သတ္တုအရင်းအမြစ်များ၊ ကျောက်မျက်ရတနာများ၊ ရှေးဟောင်းပစ္စည်းများသည် နိုင်ငံတော်ပိုင်ဖြစ်ပြီး ကန်ထရိုက်တာနှင့်လုံးဝမသက်ဆိုင်စေရ၊ အခြားဓာတ်သတ္တုအရင်းအမြစ်များကို တွေ့ရှိရ၍ တူးဖော်လုပ်ကိုင်လိုပါက

ကန်ထရိုက်တာက သတလ(   )သို့ တင်ပြ၍ မြန်မာ့သတ္တုတွင်းဥပဒေ၊ နည်းဥပဒေများနှင့်အညီ ဝန်ကြီးဌာန၏ အတည်ပြုခွင့်ပြုချက်ဖြင့်သာ ဆက်လက် ဆောင်ရွက် ရမည်။

၃၀-၂။ အကယ်၍ ကန်ထရိုက်တာသည် -----------တူးဖော်ရန် လုပ်ကိုင်ခွင့်ရရှိသော ဧရိယာအတွင်း လုပ်ငန်းဆောင်ရွက်နေစဉ်ယူရေနီယံကဲ့သို့ **(Radioactive Mineral)** သတ္တုများ၊ နိုင်ငံတော် အစိုးရကသာ လုပ်ကိုင်ခွင့်ရှိသော မဟာဗျူဟာမြောက်ဓာတ်သတ္တုများတွေ့ရှိပါက နိုင်ငံတော် ကသာ လုပ်ကိုင်ခွင့်ရှိသည်။

**အပိုင်း(၃၁)**

**လွှဲပြောင်း၍ မရနိုင်သော အခွင့်အရေး**

၃၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၏ လွှဲပြောင်း၍မရနိုင်သောနိုင်ငံတော်၏ မြေပေါ် မြေအောက်၊ ရေပေါ်ရေအောက် သယံဇာတများကို တစ်ဦးတည်း ပိုင်ဆိုင်ခွင့်နှင့် မူလဘူတ အခွင့်အရေးကျင့်သုံးခြင်းကို စာချုပ်ဝင်များ၏ အနုညာတဖြေရှင်းရန် တင်ပြသည့် သဘောတူညီချက် အပါအဝင် ဤလုပ်ငန်းသဘောတူ စာချုပ်ပါ မည်သည့်ပြဋ္ဌာန်းချက်ကမျှ တားမြစ်ခြင်း သို့မဟုတ် ကန့်သတ်ခြင်း မပြုနိုင်။

**အပိုင်း(၃၂)**

**အထွေထွေ**

၃၂-၁။ ဤလုပ်ငန်းသဘောတူစာချုပ်အား နှစ်ဦးနှစ်ဖက်သဘောတူ လက်မှတ်ရေးထိုးပြီးပါက ပြည်ထောင်စုရှေ့နေချုပ်ရုံးသို့ မှတ်တမ်းတင်ရန် ပေးပို့ရမည်။

၃၂-၂။ ကန်ထရိုက်တာသည် သတလ( )သို့ ထုတ်လုပ်မှုကာလအတွင်း ပေးသွင်းရမည့် ထုတ်လုပ်မှုအချိုး၊ ငွေများ၊ အခွန်အခများကို အပြည့်အဝ သို့မဟုတ် တစ်စိတ်တစ်ပိုင်း ပေးသွင်းရန် ပျက်ကွက်ပါက တည်ဆဲဥပဒေများ၊ လုပ်ငန်းသဘောတူစာချုပ်တွင် ပါရှိသည့် စည်းကမ်းသတ်မှတ်ချက်များအတိုင်း အရေးယူခံရမည့်အပြင် ကန်ထရိုက်တာအား သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနနှင့် သက်ဆိုင်သော မည်သည့်လုပ်ငန်းကိုမျှ လုပ်ကိုင်ဆောင်ရွက် ခွင့်ပြုမည် မဟုတ်ပါ။

၃၂-၃။ ဤလုပ်ငန်းသဘောတူစာချုပ် သက်တမ်းကုန်ဆုံးလျှင်သော်လည်းကောင်း၊ စာချုပ်ရပ်စဲလျှင်သော်လည်းကောင်း၊ ကန်ထရိုက်တာက ပေးသွင်းရန်ရှိသော ငွေများ၊ အခွန်အခများကို ပြီးပြတ်သည်အထိ ပေးသွင်းရမည်။ ပေးသွင်းရန် ကျန်ရှိပါက သတလ(   ) က ဝင်ငွေခွန်မပြေကျန်ငွေ ဖြစ်ဘိသကဲ့သို့ ပြီးပြတ်သည်အထိ အရကောက်ခံရမည်။ ကန်ထရိုက်တာသည် ခွင့်ပြုမိန့်အား သတလ (        ) ကတစ်ဆင့် ဝန်ကြီးဌာနသို့ ပြန်လည် အပ်နှံရမည်။

ခွင့်ပြုမိန့်အား ပြန်လည်အပ်နှံရန် ပျက်ကွက်ပါက ကန်ထရိုက်တာအား သယံဇာတနှင့် သဘာဝ ပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာနနှင့် သက်ဆိုင်သော မည်သည့်လုပ်ငန်းကိုမျှ လုပ်ကိုင်ဆောင်ရွက် ခွင့်ပြုမည်မဟုတ်ပါ။

၃၂-၄။ ဤလုပ်ငန်းသဘောတူစာချုပ်သည်သာလျှင် နှစ်ဦးနှစ်ဖက်ညှိနှိုင်းသဘောတူ အတည်ပြုထားသော သဘောတူညီချက်ဖြစ်သည်။ ဤကိစ္စနှင့်ပတ်သက်၍ ယခင်ကနှုတ်ဖြင့်သော်လည်းကောင်း၊ စာဖြင့်သော်လည်းကောင်း သဘောတူညီချက်ရှိခဲ့လျှင် ထိုသဘောတူညီချက်များသည် ဆက်လက်၍ အကျိုးသက်ရောက်မှု မရှိစေရ။

၃၂-၅။ ဤလုပ်ငန်းသဘောတူစာချုပ် သက်တမ်းကုန်ဆုံးသောနေ့တွင် စာချုပ် သက်တမ်းတိုးမှု မရှိပါက ဤလုပ်ငန်းသဘောတူစာချုပ် အလိုအလျောက်ပျက်ပြယ်ပြီး ဖြစ်စေရမည်။

၃၂-၆။ ဤလုပ်ငန်းသဘောတူစာချုပ်နှင့်ပတ်သက်၍ အကြောင်းကြားစာနှင့် အခြားဆက်သွယ်မှုများကို စာတိုက်၊ စကားပြောကြေးနန်း၊ တဲလက်စ်၊ ဖက်စ်၊ ကြိုးမဲ့ကြေးနန်း၊ ကြေးနန်းတို့ဖြင့် ပေးပို့သူကကျသင့်ငွေကြိုတင်ပေးချေ၍ပေးပို့ရမည်။ ထိုသို့ဆက်သွယ်ရာတွင် အောက်ဖော်ပြပါ လိပ်စာများအတိုင်း ဆက်သွယ်ဆောင်ရွက်ရမည်။

| <u>အမှတ်( )သတ္တုတွင်းလုပ်ငန်း</u> | <u>ကန်ထရိုက်တာ</u> |
|---|---|
| ဦးဆောင်ညွှန်ကြားရေးမှူး | မန်နေးဂျင်းဒါရိုက်တာ |
| အမှတ်( )သတ္တုတွင်းလုပ်ငန်း | --------------------ကုမ္ပဏီလီမိတက် |
| နေပြည်တော် | ----------------------------- |
| ဖုန်း - | ဖုန်း - |
| ဖက်စ် - | ဖက်စ်- |

၃၂-၇။ တစ်ဖက်မှ တစ်ဖက်သို့ ဆက်သွယ်သောစာများကို လက်ခံရရှိကြောင်း ပြန်ကြားရမည်။

**စာချုပ်အား လွှဲပြောင်းခြင်း**

၃၂-၈။ ကန်ထရိုက်တာသည်သတလ( )နှင့်ဝန်ကြီးဌာန၏ ကြိုတင်သဘောတူခွင့်ပြုချက်မရဘဲ၊ ဤလုပ်ငန်းသဘောတူစာချုပ်ပါ တာဝန်ဝတ္တရားအားလုံးအား အခြားပုဂ္ဂိုလ်အဖွဲ့အစည်းများသို့ လွှဲပြောင်းခြင်း (သို့မဟုတ်) တစ်ဆင့် ကန်ထရိုက်ပေး၍ လုပ်ကိုင်စေခြင်း (သို့မဟုတ်) လုပ်ငန်းအားလုံးကိုဖြစ်စေ (သို့မဟုတ်) လုပ်ငန်းတစ်စိတ်တစ်ဒေသကို အပ်နှံဆောင်ရွက်စေခြင်းတို့ကို မပြုလုပ်ရ။

**စာချုပ်အားပြင်ဆင်ဖြည့်စွက်ခြင်း**

၃၂-၉။ ဤလုပ်ငန်းသဘောတူစာချုပ်အား စာချုပ်ဝင်နှစ်ဦးနှစ်ဖက်၏စာဖြင့် သဘောတူညီမှုမပါဘဲ ပြင်ဆင်ခြင်း၊ ဖြည့်စွက်ခြင်းလုံးဝမပြုလုပ်ရ။ ဤလုပ်ငန်းသဘောတူစာချုပ်အား ပြင်ဆင်ခြင်း၊ ဖြည့်စွက်ခြင်းများသည်ဝန်ကြီးဌာန၏ ခွင့်ပြုချက်ရရှိမှသာလျှင် အတည်ဖြစ်စေရမည်။

၃၂-၁၀။ထုတ်လုပ်မှုအပေါ် ခွဲဝေခံစားသည့်လုပ်ငန်းသဘောတူစာချုပ်ပါ သတ်မှတ်ပြဋ္ဌာန်းချက်များ သည် မြန်မာ့သတ္တုတွင်းကဏ္ဍ၏ လက်ရှိအခြေအနေ၊ ရပ်တည်ချက်များနှင့် ကိုက်ညီစေရန်နှင့် ထုတ်လုပ်မှုလုပ်ငန်းအတွက် ပိုမိုထိရောက်လုံလောက်မှုရှိစေရန်အလို့ငှာ နှစ်ဖက်စာချုပ်ဝင် များမှ (၃)နှစ်လျှင်တစ်ကြိမ် ပြန်လည် သုံးသပ်စိစစ်ရမည်။

**စာချုပ်အား ပြန်လည်ညှိနှိုင်းခြင်း**

၃၂-၁၁။ဤလုပ်ငန်းသဘောတူစာချုပ် သက်တမ်းအတွင်း၌ ကန်ထရိုက်တာနှင့် သတလ( )တို့သည် ကြိုတင်မမျှော်မှန်းနိုင်သော အခြေအနေတစ်ခုခု ပေါ်ပေါက်လာပါက တစ်ဖက်စာချုပ်ဝင်သို့ အချိန်မီ ကြိုတင်အသိပေးရန်နှင့် နှစ်ဦးနှစ်ဖက်စာဖြင့် သဘောတူညီချက်ရယူ၍ ဤလုပ်ငန်း သဘောတူစာချုပ်ကိုပြင်ဆင်နိုင်သည်။ ထိုသို့ပြင်ဆင်ချက်အား ဝန်ကြီးဌာနသို့ တင်ပြ၍ ခွင့်ပြုချက်ရယူရမည်။သို့သော်လုပ်ငန်းသဘောတူစာချုပ်၏ မူလရည်ရွယ်ချက်အား ပျက်ပြယ် သွားခြင်း မရှိစေရ။

၃၂-၁၂။ဤလုပ်ငန်းသဘောတူစာချုပ်ပါ နောက်ဆက်တွဲများသည် ဤလုပ်ငန်းသဘောတူစာချုပ်၏ အစိတ်အပိုင်းတစ်ရပ်ဖြစ်စေရမည်။

**အပိုင်း(၃၃)**

**အကျိုးသက်ရောက်မှု**

၃၃-၁။ ဤလုပ်ငန်းသဘောတူစာချုပ်သည် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ၏ ( ) အစည်းအဝေးမှ သဘောတူခွင့်ပြုချက် အရ ဓာတ်သတ္တုအလတ်စား ထုတ်လုပ်ရန် ခွင့်ပြုမိန့်ပါ လုပ်ငန်းဆောင်ရွက်ခွင့်ပြုသည့် ၂၀. . . . . . ခုနှစ် ၊ လ( )ရက်နေ့မှစ၍ သက်ဝင် အကျိုး သက်ရောက်ရမည်။

၃၃-၂။ မည်သို့ပင်ဖြစ်စေကာမူ နိုင်ငံတော်နှင့် နိုင်ငံသားတို့၏ အကျိုးစီးပွားအတွက် စီမံကိန်းလုပ်ငန်း အသုံးပြုရန် အလို့ငှာ လိုအပ်ပါက ဝန်ကြီးဌာနသည် ခွင့်ပြုမိန့်ထုတ်ပေးထားသော လုပ်ကွက် အား ပိတ်သိမ်းခြင်း၊ ရပ်ဆိုင်းခြင်း၊ ပယ်ဖျက်ခြင်းများ ဆောင်ရွက်သွားနိုင်သည်။ နစ်နာမှု မရှိစေရန် ညှိနှိုင်း ဆောင်ရွက်ပေးရမည်။

## အပိုင်း(၃၄)

## အစစ်အမှန်ဖြစ်ခြင်း

၃၄။ ဤလုပ်ငန်းသဘောတူစာချုပ်အား မြန်မာဘာသာဖြင့် ရေးသားပြီး မူရင်း (၂) အုပ်သာရှိ၍ တစ်ဖက်စီ၌ (၁) အုပ်စီ ထားရှိရမည်။ ဤလုပ်ငန်းသဘောတူစာချုပ်ကို ----- ရက်၊ ------လ ---------ခုနှစ်တို့တွင် အောက်ပါ အသိသက်သေများ ရှေ့မှောက်၌ သဘောတူ လက်မှတ် ရေးထိုးကြပါသည်။

အမှတ် (    )သတ္တုတွင်းလုပ်ငန်း(ကိုယ်စား)          -----------ကုမ္ပဏီလီမိတက်(ကိုယ်စား)

လက်မှတ်၊------------------          လက်မှတ်၊----------------------

အမည်၊-------------------------          အမည်၊---------------------------

ရာထူး၊ ဦးဆောင်ညွှန်ကြားရေးမှူး          ရာထူး၊ မန်နေးဂျင်းဒါရိုက်တာ

ဌာန၊ အမှတ်(    )သတ္တုတွင်းလုပ်ငန်း          ဌာန၊ -----------ကုမ္ပဏီလီမိတက်

**သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်**

**ထိန်းသိမ်းရေးဝန်ကြီးဌာန၊**

ကျွန်ုပ်တို့၏ရှေ့မှောက်တွင် လက်မှတ်ရေးထိုးပါသည်။

**အသိသက်သေများ**

လက်မှတ်၊---------------------          လက်မှတ်၊------------------------

အမည်၊-------------------------          အမည်၊-----------------------------

ရာထူး၊ ညွှန်ကြားရေးမှူး          ရာထူး၊ ဒါရိုက်တာ

ဌာန၊ အမှတ်(    )သတ္တုတွင်းလုပ်ငန်း          ဌာန၊ --------------ကုမ္ပဏီလီမိတက်

**သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်**

**ထိန်းသိမ်းရေးဝန်ကြီးဌာန၊**